ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်၊ စနေနေ့ (26-7-2008)(၅၇၅၁)

ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ

သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

၂၀၀၈ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၃)နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ မစ္စတာမာမွန်း အဗ္ဗဒူလ် ဂါယွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့၏ သတ္တမအကြိမ် နှစ်ပတ်လည်ညီလာခံ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂၅

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၏ သတ္တမအကြိမ် နှစ်ပတ်လည် ညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနဌာနနှင့် သစ်တောသုတေသန ဌာနတို့မှ ပညာရှင်များ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသား စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးသည် အဓိက ပြည့်စုံရမည့် အချက်တစ်ခုဖြစ်ကြောင်း၊ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ အကောင်အထည်ဖော်နိုင်ရန် သဘာဝက ပေးသည့်အရင်းအမြစ်များသည် နိုင်ငံတော်အတွက် အခြေခံအကျဆုံး အရင်းအမြစ်များဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံသူ၊ နိုင်ငံသား အများစု၏ စီးပွားရေး၊ လူနေမှုဘဝ မြင့်မားတိုးတက်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း။

ထို့ကြောင့်လည်း အဖိုးတန်သယံဇာတများ ပေါကြွယ်ဝ

စာမျက်နှာ ၆ ကော်လံ ၁ သို့❖

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၏ သတ္တမအကြိမ် နှစ်ပတ်လည် ညီလာခံဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror

လှိုင်အောင်၏ "စည်းလုံးညီညာအောင်ကြောင်းပြော" (ဆောင်းပါး)

စာမျက်နှာ- ၈၉

"အစိုးရနဲ့ ပြည်သူတွေအကြား နွေးထွေးနားလည်မှုတွေ တိုးပွားလာခဲ့သလို ပြည်သူနဲ့တပ်မတော်အကြားမှာလည်း အလားတူပဲ ဖြစ်ပါတယ်။ ပြည်သူတွေရဲ့ ဘေးဒုက္ခကို တစ်သားတည်း ခံစားတတ်တဲ့ ကြည်း၊ ရေ၊ လေ တပ်မတော်သားတွေအနေနဲ့ ဒီလေဘေးကြီးမှာ အင်တိုက်အားတိုက် ပါဝင်ကူညီခဲ့ကြတာတွေ့ရပါတယ်။"

ကြေးမုံ The Mirror
၂၆-၇-၂၀၀၈
(စနေနေ့)

မိုးရာသီတစ်ခွင် သီးပင်စားပင် တိုးချဲ့စိုက်ပျိုး စိမ်းလန်းစိုပြည် နိုင်ငံ့စီးပွား တိုးတက်ဖွံ့ဖြိုး

မြန်မာနိုင်ငံသည် ရေမြေရာသီဥတု ကောင်းမွန်သဖြင့် သီးနှံစုံ စိုက်ပျိုးဖြစ်ထွန်းသည်။ ထို့အပြင် မြန်မာတို့သည် သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးကြသူများပီပီ သီးပင်၊ စားပင်၊ အရိပ်ရပင်များကို အစဉ်တစိုက် စိုက်ပျိုးလျက်ရှိရာ မြို့ပြကျေးလက်တစ်ခွင် စိမ်းလန်းစိုပြည် ဝေဆာနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် လေထုပူနွေးလာမှုနှင့်အတူ သစ်တောများ ပြုန်းတီးလျက်ရှိရာ မြေဆီသြဇာ ခန်းခြောက်ခြင်း၊ သဲကန္တာရဖြစ်ပေါ်လာခြင်းများကို တွေ့ကြုံနေကြရသည်။ သစ်ပင်၊ ဝါးပင်၊ သစ်တောများ ပြုန်းတီးလာလျှင် ရာသီဥတု ဖောက်ပြန်ပျက်ယွင်းမှု ဖြစ်ပေါ်လာတတ်သဖြင့် ကမ္ဘာ့နိုင်ငံ အများအပြားက သစ်တောသစ်ပင်နှင့် သဘာဝတောရိုင်းတိရစ္ဆာန်များကို ကာကွယ်ထိန်းသိမ်းနေကြရပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် သစ်တောရေးရာဝန်ကြီးဌာနနှင့် ဆက်စပ် ဝန်ကြီးဌာနများ ပူးပေါင်း၍ ဒေသအလိုက် သစ်တောများ၊ သဘာဝနယ်မြေများနှင့် ကျွန်းအထူးစိုက်ခင်းများကို ထူထောင်လျက်ရှိသည်။ ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း သစ်တောစိုက်ခင်းဧက ခြောက်ထောင်ကျော် တည်ထောင်နိုင်ပြီး ဒေသခံပြည်သူများ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ရန် သစ်ပင်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးလျက်ရှိသည်။

မိုးရာသီတွင် ရာသီဥတု စွတ်စိုအေးမြပြီး သစ်ပင်များ ရှင်သန်ကြီးထွားလွယ်သောကြောင့် နိုင်ငံတစ်ဝန်း၌ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပနေကြသည်။ ယခုအခါ နေပြည်တော်ရှိ ဝန်ကြီးဌာနများအလိုက် သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပကာ ကံ့ကော်၊ ပိတောက်၊ ခရေ၊ ပုန်းညက်၊ စိန်ပန်း၊ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မဲဇလီ၊ မန်ကျည်း၊ သရက်၊ တမာ၊ ကုက္ကို၊ ပျဉ်းမစသည့် ပန်းပင်၊ စားပင်သီးပင်၊ အရိပ်ရပင်၊ လေကာပင်များနှင့် အဖိုးတန်သစ်ပင်များကို စိုက်ပျိုးလျက်ရှိသည်။

သို့ဖြစ်၍ ဒေသအလိုက် ကျွန်းသစ်အပါအဝင် သစ်တောသစ်ပင်များ၊ သီးပင်စားပင်များ၊ နှစ်ရှည်ပင်များ နှစ်စဉ်တိုးချဲ့ စိုက်ပျိုးထူထောင်ကြခြင်းဖြင့် ရာသီဥတု ညီညွတ်မျှတပြီး မြို့ရွာဝန်းကျင် စိမ်းလန်းစိုပြည်မှုကိုသာမက နိုင်ငံ့စီးပွား တိုးတက်ဖွံ့ဖြိုးမှုကိုပါ အကျိုးပြုနေမည်ဖြစ်ပါသည်။ ။

ရွှေခြံမဟ္မရိပ်သာ ဝါတွင်းတရားစခန်းပွဲများ

ရန်ကုန် ဇူလိုင် ၂၅

ဒဂုံမြို့သစ်(အရှေ့ပိုင်း)(၁၃)ရပ်ကွက် ရှင်ထွေးညိုလမ်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၃၄၃) ရွှေခြံမဟ္မရိပ်သာကျောင်းတိုက်၌ ဩဂုတ် ၂ ရက်မှ ၈ ရက်အထိ၊ စက်တင်ဘာ ၂ ရက်မှ ၈ရက်အထိနှင့် အောက်တိုဘာ ၂ ရက်မှ ၈ ရက်အထိ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရွှေခြံမဟ္မရိပ်သာ ဆရာတော် ဦးဇာဂရိယ၊ ဦးဝေပုလ္လနှင့် ဦးမာဏဝိက အရှင်သူမြတ်တို့က ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၌ တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ကျောက်တံတားမြို့နယ် ၃၇လမ်းနေ ဖခင်ကြီး ဦးတင်လှ၊ ဒေါ်ခင်နွဲ့နှင့် အမေ ဒေါ်နုရီတို့အား ရည်စူး၍သမီး ဒေါ်ခင်ဆွေနိုင်နှင့်မောင်နှမများက အလှူငွေကျပ် တစ်သိန်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်၊ ဦးအေးမြင့်နှင့် ဦးထွန်းတို့ လက်ခံယူစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား
✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၅

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၄ ရက်နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေ့ဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက နိုင်ငံတော်၏ ပကတိဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်နယ်နှင့် တိုင်းအသီးသီးမှ အုပ်ချုပ်ရေးမှူးများက မိမိတို့၏ ပြည်နယ်နှင့်တိုင်းအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများ၊စိုက်ပျိုးရေး၊မွေးမြူရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကဏ္ဍအလိုက်လည်းကောင်း၊ ခရိုင် အုပ်ချုပ်ရေးမှူးများက မိမိတို့ခရိုင်အလိုက် လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် လုပ်ငန်းလိုအပ်ချက်များကို လည်းကောင်းရှင်းလင်းတင်ပြကြသည်။

ယင်းနောက်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများက ရှင်းလင်းတင်ပြချက်များအပေါ် ကဏ္ဍအလိုက် ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရပ်နားလိုက်သည်။ အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၅ ရက်အထိ ကျင်းပသည်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲ၊ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် H.E.Mr. John Holmes လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရေဦးဆရာတော် အရှင်နန္ဒာသိရီတရားပွဲများ

ရန်ကုန် ဇူလိုင် ၂၅

မြောက်ဥက္ကလာပမြို့နယ် သန္တာ (၁၇)လမ်း မိုးကုတ်ရိပ်သာ ပုပ္ပား (၃)ကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက ရေဦးဆရာတော် အရှင်နန္ဒာသိရီသည် ဝါတွင်းကာလ အထူးတရားပွဲများကို ၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၈ ရက်တွင် အဖွဲ့ခွဲ (၂၆၀) တိုက်ကြီးမြို့၊ဝါဆိုလကွယ်နေ့တွင်စကြာရန်အောင်ကျောင်း ဩဘာလမ်း၊ ဝါခေါင်လဆန်း၁ရက်မှ၁၂ရက်အထိ ဇနိတာရာမတောရကျောင်း စိန်ရွှေကုန်းရွာ မှော်ဘီမြို့၊ ဝါခေါင်လပြည့်နေ့တွင် ရွှေစက်တော်ကျောင်း ဗဟန်းမြို့နယ်နှင့် ဓမ္မိကာရာမ ပေါက်တောကျောင်း အင်းစိန်မြို့နယ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်မှ၇ရက်အထိ မိုးကုတ်အဖွဲ့ခွဲအမှတ်(၈၄) သုံးခွမြို့၊ ဝါခေါင်လပြည့်ကျော် ၈ ရက်တွင် မိုးကုတ်အဖွဲ့ခွဲ အမှတ် (၂၆၀)တိုက်ကြီးမြို့၊ ဝါခေါင်လကွယ်နေ့တွင် သီတဂူ ပတ္တမြားကျောင်းနှင့် လိပ်ပြာကန်ကျောင်း ပဲခူးမြို့တို့၌ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ရာ ဖုန်း-၆၉၀၀၅၄သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ဝန်ကြီး ဦးစိုးသာအား ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၅

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား ကုလသမဂ္ဂ လူသားချင်း စာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲ၊ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် H.E. Mr. John Holmes ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်၂၄ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးရုံးသို့ လာရောက်တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ ညှိနှိုင်းရေးမှူး Mr. Bishow Parajuli နှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Danial B.Baker တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် လာရောက်တွေ့ဆုံ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေအား ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး အကြီးအကဲ၊ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် H.E. Mr. John Holmes လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲ၊ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် H.E. Mr. John Holmes နှင့်အဖွဲ့သည် ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး မေခလာခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်ထံ ကနေဒါနိုင်ငံမှ စေတနာရှင်များက လေဘေးသင့်ဒေသအတွင်း လူနေအိမ်နှစ်လုံး ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ၁၂ သိန်း ပေးအပ်လှူဒါန်းစဉ်။

(သတင်းဖော်ပြပြီး)(လူမှုဝန်ထမ်း)

လူငယ်ယဉ်ကျေးမှုသင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၅

ရှင်သာမဏေဓမ္မဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့က ဓမ္မဒါနအဖြစ် ပို့ချမည့် ဘုရားကန်တော့မှုစ၍ ဗုဒ္ဓအဆုံးအမနှင့်အညီ မြန်မာ့ယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရားနှင့် သက်ဆိုင်သည့် ဘာသာရပ်များကို ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၃ ရက်အထိ နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း သင်ကြားပို့ချမည်ဖြစ်သည်။ တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူများမှစ၍ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် ရှင်သာမဏေဓမ္မဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့ ဖုန်း-၃၈၇၃၆၁ သို့ စာရင်းသွင်း တက်ရောက်နိုင်သည်။ (က-ပ)

ဆိပ်ကြီးခနောင်တိုမြို့နယ် ပဏ္ဍိတာရာမ စလင်းကျောင်းတိုက် ဘက်စုံပြုပြင်နိုင်ရန်အတွက် ကျောင်းထိုင်ဆရာတော် နာယက ဦးမေဓါနန္ဒထံ မိခင်ကြီး ဒေါ်မြသိန်းကြည်၏ (၇၈) နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗဟိုလမ်း ဆိပ်ကြီးအရှေ့ရပ်ကွက်နေ သမီးမထွေးထွေးနွယ်နှင့် အစ်ကို၊ အစ်မများက အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားအဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၅

၂၀၀၈ ခုနှစ် ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၁၈ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ဝူရှူးပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန်နှင့် အဆိုပါ လေ့ကျင့်မှုအပြီး ဩဂုတ် ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် ပေကျင်း ဝူရှူးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခွန်ဂျာအောင်၊ အုပ်ချုပ်သူအဖြစ် ပါဝင်ဆောင်ရွက်မည့် မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားအဖွဲ့ဝင် လေးဦး ပါဝင်သည့်အဖွဲ့သည် ဇူလိုင် ၂၄ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါမြန်မာ့လက်ရွေးစင် ဝူရှူးအားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးခွန်ဂျာအောင်၊ နည်းပြဆရာအဖြစ် တရုတ်ဝူရှူးနည်းပြဆရာ Mr. Su Tong Yu၊ အားကစားသမားများအဖြစ် သစ်တောရေးရာ ဝန်ကြီးဌာနမှ အောင်စည်သူနှင့် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူ မစန္ဒီဦးတို့ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဦးသန်း-ဒေါ်သိန်းညွန့်အား အမှူးထား၍ စမ်းချောင်းမြို့နယ် ဗဟိုလမ်း စမ်းချောင်းတောင်ရပ်ကွက်နေ ဦးညွန့်ဝေ-ဒေါ်ခင်ချစ်ချစ် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ နဝကမ္မငွေပဒေသာပင် အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။

(က-ပ)

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် ရွှေလိပ်ပြာအိမ်ရာ သံဃာ့ဒါနဆွမ်းလောင်းအသင်းက ကြီးမှူး၍ အကြိမ် (၂၀)မြောက် ကျောင်းတိုက်ကြီး ၁၇တိုက်မှ သံဃာတော် အပါး ၁၀၀၀နှင့် သာသနာ့နွယ်ဝင်သီလရှင် အပါး ၁၀၀ တို့အား ပထမဆွမ်းပတ်အဖြစ် ဇူလိုင် ၂၁ ရက် (တနင်္လာနေ့) နံနက်ပိုင်းတွင် ဆွမ်း၊ ဆွမ်းဟင်းများနှင့် ဆွမ်းဆန်တော်များကို စေတနာရှင် အလှူ ရှင်များနှင့် မတည်အလှူရှင်များ စုပေါင်းလောင်းလှူကြစဉ်။

(က-ပ)

မြန်မာ့စိန်တစ်လုံးသရက် ရောင်းအားသွက်

သတင်းဆောင်းပါး၊ ဓာတ်ပုံ
ကျော်ကျော်(ဗန်းမော်)

(၁၀၅) မိုင်ရောက် သရက်သီးများကို ရွေးချယ်ဝယ်ယူနေသည့် ကုန်သည်ပွဲစားများ။

မြန်မာ့ဥယျာဉ်ခြံထွက် သီးနှံများဖြစ်သည့် သရက်၊ ဖရဲ၊ သခွားမွှေး၊ လိမ္မော်စသော သစ်သီးများသည် နယ်စပ်ဒေသကုန်သွယ်ရေး မူဆယ် ၁၀၅ မိုင်၊ မိုင်းယုစီးပွားရေးဇုန်တွင် အဝယ်လိုက်၍ရောင်းအားသွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ၏ ကုန်သွယ်ရေးလမ်းဖွင့် အားပေးမှု၊ ဒေသဆိုင်ရာများ၏ ပံ့ပိုးကူညီမှုများကြောင့် ဥယျာဉ်၊ လယ်ယာပိုင်ရှင်တောင်သူကြီးများသည် စီးပွားရေးအသိဉာဏ်များ ပွင့်လင်း၍ ရာသီချိန် ပုံမှန်စိုက်ပျိုးမှုမှ ဈေးကွက်အရ အချိန်နှင့်တစ်ပြေးညီ ဈေးကွက်စိုးမိုးမှုများ ရရှိအောင် စိုက်ပျိုးအားထုတ်မှုများ ရှိလာခဲ့သည်။

အိမ်နီးချင်း တရုတ်နိုင်ငံတွင် လာမည့် ဩဂုတ်လဆန်းမှ စတင်ကျင်းပတော့မည့် ပေကျင်း အိုလံပစ်အားကစားပွဲတော် ကာလအတွက် မျှော်မှန်း၍ မြန်မာ့သစ်သီးဝလံများအား ကြိုးစားစိုက်ပျိုး ထုတ်လုပ်လျက်ရှိသည်။ ပုံမှန်အားဖြင့် အောက်တိုဘာလမှသာ ထွက်ရှိလေ့ရှိသာ မြန်မာ့သခွားမွှေးများကို ဩဂုတ်လ ပေကျင်းအိုလံပစ်ပွဲတော်အတွင်း ရောင်းချနိုင်ရန် ကြိုးစားစိုက်ပျိုးလျက်ရှိနေကြောင်းသိရသည်။

ယမန်နှစ်က သခွားမွှေးတစ်ကီလိုလျှင် အလုံးလှပါက ကျပ် ၁၀၀၀ ကျော်ခန့် ဈေးရရှိပြီး အလုံးမလှပါက ကျပ် ၅၀၀ ကျော်ခန့် ရရှိသည်။ ယခုနှစ်တွင် အချိန်စော၍ အိုလံပစ်ပွဲတော်အမီ ရောင်းချမည်ဖြစ်၍ ချို၊ မွှေး၊ အေးလှသော မြန်မာ့သဘာဝ သစ်သီးသခွားမွှေးများ ယမန်နှစ်ကထက် ဈေးကောင်းရနိုင်ကြောင်း သစ်သီးဈေးကွက်ကျွမ်းကျင်သူများကသုံးသပ်ကြသည်။

မြန်မာ့သဘာဝ သစ်သီးများသည် နယ်စပ်မူဆယ် ကုန်သွယ်ရေးဇုန်သို့ တစ်နှစ်လုံးနီးပါး လအနည်းငယ်သာခြား၍ အမြဲဝင်ရောက် ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။ သင်္ကြန်ကာလ ဧပြီလမှစ၍ ဇူလိုင်လဆန်းပိုင်းထိ သရက်သီးများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး ပုံမှန်အောက်တိုဘာလပိုင်းမှစ၍ ဧပြီလအထိ ဖရဲ၊ သခွားမွှေး၊ လိမ္မော်စသောသစ်သီးများ အဆက်မပြတ်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ ယခုနှစ်တွင် ပေကျင်း အိုလံပစ်အားကစားပွဲတော်အမီ ရောင်းနိုင်အောင် သခွားမွှေးများ စိုက်ပျိုးထားပြီးဖြစ်သဖြင့် သစ်သီးဝင် ရောက်မှုမှာရက်အနည်းငယ်သာခြားပြီး တစ်နှစ်ပတ်လုံး ဆက်တိုက် ဝင်ရောက်နိုင်သည်ဟု သိရသည်။

မြန်မာနိုင်ငံထွက် သဘာဝသစ်သီးများကို အိမ်နီးချင်း တရုတ်နိုင်ငံမှ လှိုင်လှိုင်ဝယ်ယူ စားသုံးမှုကြောင့် မြန်မာ့သရက်သီးများသည် ဧပြီလမှစ၍ ဇူလိုင်လအထိ တစ်နေ့လျှင် ပျမ်းမျှကားအစီး ၃၀ ကျော် (တန်ချိန် ၂၀၀၀၀ ကျော်)အထိ ဝင်ရောက်ရောင်းအား ကောင်းလျက်ရှိသည်။ သရက်သီးများတင်ပို့ရာတွင်ဟိုင်းလက်ကားလေးမှ ကားကြီး ၁၀ ဘီး၊ ၁၂ ဘီးအထိ တင်ပို့ကြကြောင်း၊ ကားခမှာ ကားလေးတွင် တစ်ဖာလျှင် ကျပ် ၁၂၀၀၊ ၁၄၀၀ ပေးရပြီး ကားကြီး ဆိုလျှင် ကျပ် ၇၀၀၊ ၈၀၀ ပေးရကြောင်း ဝယ်ယူသူကုန်သည် များကမူ ကားကြီးဖြင့်တင်လာသည့် သရက်သီးထက် ကားလေးဖြင့် တင်လာသည့် သရက်သီးကိုပို၍ ကြိုက်နှစ်သက်ကြကြောင်း သိရသည်။

ယနေ့ခူး မနက်ဖြန် အရောက်ပို့ ပုံစံဖြင့် သင်္ကြန်ကာလ ဧပြီလမှစ၍ အောင်ဒင်၊ ခေါင်ကျိုးသရက်သီးများ စတင်ဝင်ရောက်ပြီး မေလဆန်းပိုင်းမှစ၍ ဈေးကွက်အကြိုက်ဆုံး၊ ရောင်းအားအကောင်းဆုံး စိန်တစ်လုံးသရက်သီးများ စတင်ဝင်ရောက်လာသည်။ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းမှ ထွက်ရှိသည့် စိန်တစ်လုံးသရက်သီးများသည် ဈေးကွက်အတွင်းဝယ်သူအကြိုက်တွေ့မှုကြောင့် စတင်ဝင်ရောက်ချိန်တွင် ၁၄ကီလိုတစ်ဖာလျှင် ကျပ် ၁၀၀၀၀ ကျော်ထိ ရောင်းရပြီး စိန်တစ်လုံး သရက်သီး လှိုင်လှိုင်ပေါ်သည့် မေလလယ် အတွင်းတွင် သရက်သီးအဝင်များမှုကြောင့်တစ်ဖာလျှင် ကျပ် ၄၀၀၀ ကျော် ၅၀၀၀ အတွင်းသို့ ဈေးကျခဲ့ကြောင်း သိရသည်။ စိန်တစ်လုံးကုန်သွားသည်နှင့် ဈေးကွက်အတွင်း ဒုတိယရောင်းအားအကောင်းဆုံးရွှေဟင်္သာသရက်သီးများ ဝင်ရောက်လာသည်။ ရွှေဟင်္သာနှင့်အတူ မြဟင်္သာ သရက်သီးကြမ်းများ ဝင်ရောက်လာသော်လည်း မြဟင်္သာ သရက်သီးများကိုမူ ဈေးကွက်၌ အကြိုက်နည်းကြောင်း သိရသည်။ အမှန်တကယ်လိုသူနှင့် တွေ့မှသာ တစ်ဖာကို ကျပ် ၃၀၀၀ ကျော် ၄၀၀၀ အတွင်းရရှိပြီး ပုံမှန်အားဖြင့် ကျပ် ၂၀၀၀ ကျော်ပတ်ဝန်းကျင်သာ ဈေးရကြောင်းသိရသည်။

ရွှေဟင်္သာ သရက်သီးသည် စတင်ဝင်ရောက်သည်မှဇွန်လ ကုန်ပိုင်းထိ ရောင်းအားကောင်းပြီး ရွှေဟင်္သာ သရက်သီး အဝင်နည်းသည့် ဇွန်လကုန်ပိုင်းတွင် တောင်ကြီး၊ ရပ်စောက်၊ ပင်လောင်းဒေသမှထွက်ရှိသော စိန်တစ်လုံး သရက်သီးများ ပြန်လည်ဝင်ရောက် လာသည်။ နောက်ဆုံးဝင်ရောက်သည့် စိန်တစ်လုံး သရက်သီးများဖြစ်သည်။

သရက်သီးဝယ်လိုအားမြင့်တက်ခြင်း၊ ဈေးကောင်းခြင်းကြောင့် ရှမ်းပြည်နယ် တောင်ကြီး၊ ရပ်စောက်၊ ပင်လောင်းဒေသမှ ဥယျာဉ်ပိုင်ရှင်တိုင်းရင်းသားများသည် စိန်တစ်လုံးသရက်များကို စမ်းသပ်စိုက်ပျိုးလျက်ရှိရာ လွန်ခဲ့သည့်သုံးနှစ်မှစ၍ ဈေးကွက်အတွင်း နေရာဝင်ယူလျက် ရှိနေသည်။ တောင်ကြီး၊ ရပ်စောက်၊ ပင်လောင်းဒေသထွက် စိန်တစ်လုံး သရက်သီးများသည် အမျှင်ပါဝင်မှုများသည်ဟုဆိုသည်။

နောက်ပိုင်းနည်းပညာ ဖွံ့ဖြိုးလာပြီး၊ အမျှင်ပါဝင်မှု လျော့ကျသွားအောင်ပြုပြင်နိုင်မည်ဆိုပါက ဈေးကွက်၌ နေရာပို၍ နေရာရလာနိုင်ကြောင်း သိရသည်။

ဈေးကွက်ရောင်းအား အကောင်းဆုံး စိန်တစ်လုံး၊ ရွှေဟင်္သာ၊ မြဟင်္သာ သရက်သီးများ ဝင်ရောက်မှုမရှိသည့် အချိန်ကျမှ မန္တလေးရင်ကွဲ သရက်သီးများ အနည်းအကျဉ်း ဝင်ရောက်လာသည်။ မန္တလေးရင်ကွဲသရက်သီးများသည် အမျှင်များလွန်းခြင်းကြောင့် ဈေးကွက်တွင် လူကြိုက်နည်းကြောင်း၊ ဈေးအကောင်းဆုံးအချိန်တွင် တစ်ဖာလျှင်ကျပ်၅၀၀၀ထိသာရရှိကြောင်း သိရသည်။ သရက်သီးများကို မြန်မာ့ရေမြေ အနှံ့အပြားတွင် စိုက်ပျိုးလျက်ရှိသော်လည်း မိုးများသည့် ရန်ကုန်တိုင်းဘက်မှ သရက်သီးများ၌မူ အမည်းအစက် အပြောက်များခြင်း၊ ခရီးလမ်း ကွာဝေးလွန်း၍ သရက်သီးများ ရောက်ချိန်တွင် အသီးနာသွားခြင်းကြောင့် ဝယ်သူအကြိုက်နည်းကြကြောင်းသိရသည်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေး ဇုန် တွင် ဝယ် လက်များ အကြိုက် ရောင်း အား ကောင်းလျက်ရှိ နေ သော မြန် မာ့ သခွား မွှေးများ။

သရက်သီးများ ပို့ဆောင်ရာတွင် နယ်စပ်ဒေသရှိ သစ်သီးကုမ္ပဏီများနှင့်ဆက်သွယ်၍ ပို့ဆောင်ကြကြောင်း၊ ကုမ္ပဏီများကလည်း မိမိတို့နှင့် ဆက်သွယ်သော သရက်ကုန်သည် ခြံရှင်များဆီသို့ သစ်သီးထည့်ရန် ကုမ္ပဏီတံဆိပ်ပါ ဂျပ်ဘူးခွံများကို တာဝန်ယူပို့ပေးကြကြောင်း၊ သစ်သီးများ ရောက်ရှိသည့်အခါ ဆက်သွယ်ထားသည့် ကုမ္ပဏီမှ တာဝန်ယူ ရောင်း၊ ဝယ်ပေး၍ ငွေများ စိုက်ထုတ်ရှင်းပေးရကြောင်း၊ ကုမ္ပဏီအတွက် ဝန်ဆောင်မှုစရိတ်ငါးရာခိုင်နှုန်းနှင့် ဂျပ်ဖာဘူးခွံဖိုး တစ်ဖာလျှင် ကျပ် ၄၀၀ ကို ကုန်သည် ခြံရှင်မှ ကျခံရကြောင်းသိရသည်။ မြန်မာ့သရက်သီးများကို တစ်ဖက်နိုင်ငံ ရွှေလီမြို့မှ အများဆုံး ဝယ်ယူ၍ ပြည်နယ်ထဲသို့ ဖြန့်ချိကြောင်း၊ အကြွေးဝယ်ယူသည့် ကုန်သည်များကို ယခင်က ယုံကြည်မှုဖြင့် ရောင်းဝယ်ခဲ့သော်လည်း ဆုံးရှုံးမှုများရှိခဲ့ခြင်းကြောင့်ယခုနောက်ပိုင်းတွင် နယ်စပ်ဒေသ သစ်သီးကုန်စည်ဒိုင်မှ ဦးစီးဆောင်ရွက်ပြီး ဝယ်ယူသူကုန်သည်များ၏ နိုင်ငံသားကတ်မိတ္တူနှင့်လက်မှတ်ထိုးလက်ဗွေနှိပ်၍ သက်သေခံယူထားပြီးမှ အကြွေးပေးတော့ကြောင်း လင်းထွန်းပွဲရုံမန်နေဂျာက ပြောကြားသွားသည်ကို ကြားသိခဲ့ရပါသည်။ ။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် မြင်ကွင်း။

ယာဉ်အန္တရာယ်ကင်းဝေးရေး အသိပညာပေးဆွေးနွေးဟောပြော

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ အမှတ်(၂)ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး စိုးလွင်သည် ဇူလိုင် ၂၃ ရက်တွင် မရမ်းကုန်းမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ၄၂၀တို့အား ယာဉ်မတော်တဆမှု အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ အမှတ်(၂)ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး စိုးလွင် မရမ်းကုန်းမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ ယာဉ်မတော်တဆမှု အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများအား အသိပညာပေး ဟောပြောပို့ချစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းယားလမ်းနေ ဒေါက်တာကျော်ဝင်း-ဒေါ်ကြည်ကြည်မိသားစုတို့က (၄၁)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့ အထိမ်းအမှတ် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

အတွေးလှလှ၊ အရောင်လှလှဖြင့် နေလပန်းချီပြပွဲ

သတင်းမြင်ကွင်း-တင်ဝင်းလေး (ကြည့်မြင်တိုင်)
ဓာတ်ပုံ -သက်ထက်ကို(ဘော်ဂါမြေ)

မြန်မာ့ပန်းချီလောကသည် ယခုဆယ်စုနှစ်အတွင်း ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်နေရသည်။ နေရာအနှံ့ပန်းချီပြပွဲများ၊ ပြိုင်ပွဲများဖြင့် စည်စည်ကားကားရှိနေခြင်းက သက်သေပြနေပေသည်။ ယနေ့ကာလတွင် ပန်းချီကားတစ်ကား ဖန်တီးရာ၌ ရေးဆွဲသူက နည်းပညာသစ်များပါ ပေါင်းစပ်ရေးဆွဲလာကြသည့်အတွက် ပန်းချီကားတစ်ချပ်၏ရသသည် ပိုမိုပီပြင်ပေါ်လွင်လာပေသည်။ ထိုသို့သော အနုပညာရသမြောက်စွာ စုစည်းတင်ပြလျက်ရှိသော ပန်းချီပြပွဲများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်း ရေနှင့်ဆေးမျှောစပ်မှုမှာ ရေးထိုးမြဲဖြစ်သောလက်မှတ်ကို မကြည့်ဘဲနှင့် ဝါရင့်ရေဆေး ပန်းချီဆရာကြီး တစ်ဦးဖြစ်ကြောင်း သိသာနိုင်ပေသည်။

"ပုဂံဆည်းဆာ"ဟု အမည်ပေးထားသော ပန်းချီကား လက်ရာရှင်မှာ ရိုးရာပန်းပညာရှင်များ အစည်း



သဘာဝ အတိုင်း တည်ရှိနေမှုကို အထင်းသား ပေါ်လွင်အောင် ရေးဆွဲထားသည့် ပန်းချီဆရာ ဦးတင်အောင်ထိုက်၏ **"မွေ့တော်ကက္ကူ"** အမည်ရှိ ပန်းချီကား။

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို) ပြခန်း၌ပြသနေသော Sun Moon အမည်ပေးထားသည့် ပန်းချီပြပွဲသို့ ကြေးမုံသတင်းအဖွဲ့ ရောက်ရှိခဲ့ပါသည်။ ဝါရင့်ရေဆေး ပန်းချီဆရာကြီး ဦးတင်အောင်ထိုက်၊ တင့်နိုင်၊ ငွေးမြင့်၊ ထွန်းဝင်း(မာလကာသီး)တို့၏ မတူညီသောအမြင်နှင့် လက်ရာတို့ ပေါင်းစပ်စုစည်းတင်ပြထားပါသည်။ ပြပွဲအမည်နှင့်လိုက်ဖက်စွာ ပြပွဲရှိပန်းချီကားအားလုံးသည် နေ၏အလင်းရောင်၊ လ၏အလင်းရောင်တို့ဖြင့် ပက်ဖျန်းထားသည့်အလား အရောင်အားကောင်းလှသည်။ ပန်းချီကားပေါင်း ၉၃ ကား တင်ပြထားပြီး ဆီ၊ ရေ၊ အခရိုင်းလစ်၊ မှုတ်ဆေးနှင့် MIXED MEDIA တို့ဖြင့် ရေးဆွဲထားသည့် မော်ဒန်နှင့် သရုပ်မှန်ပန်းချီကားများဖြစ်သည်။

ဝါရင့်ရေဆေး ပန်းချီဆရာကြီး ဦးတင်အောင်ထိုက်မှာ တစ်ချိန်က နာမည်ကျော်ကြားခဲ့သော မုံရွာပန်းချီအဖွဲ့ ချင်းတွင်းရေကြည် ပန်းချီပြပွဲတွင် ရှစ်ကြိမ်ပါဝင်ပြသခဲ့ပြီး ယခုပြပွဲ၌ဒေသန္တရ ရှုမျှော်ခင်းပုံများဖြစ်သည်။ ပန်းချီကားအများစုမှာ ရေဆေးကားများသာဖြစ်သည်။

ပြပွဲတင်**"မွေ့တော်ကက္ကူ"**အမည်ရှိ ပန်းချီကားမှာ ယခင်မပြုမပြင်ရသေးမီက ရေးဆွဲထားသော လက်ရာဖြစ်သည်။ ကောင်းကင်အပြာနုနုကို နောက်ခံထားပြီး၊ စေတီငယ်လေးများ အစီအရီတည်ရှိနေပုံကို ဘုရားဖူး အရုံး၏ ရုံးအဖွဲ့မှူးတစ်ဦးဖြစ်သည့် ပန်းချီဆရာတင့်နိုင်၏ လက်ရာပင်ဖြစ်ပါသည်။ တိမ်အလှနှင့် ပုဂံဘုရားတို့၏ သပ္ပာယ်ခြင်း အားပြိုင်မှုကို ခေတ်သစ်နည်းဖြင့် ရေးဆွဲထားသော ပန်းချီကားတစ်ကားဖြစ်သည်။ ပန်းချီကား ၁၈ ကား တင်ပြထားပြီး ပန်းချီကားအားလုံးကို ပန်းချီဓား (Painting Knife)ဖြင့် ရေးဆွဲထားသည်။

ပန်းချီကားတစ်ချပ်တည်းကိုပင် ရေ၊ ဆီ၊ အခရိုင်းလစ်၊ မှုတ်ဆေးနှင့် MIXED MEDIA တို့ဖြင့် ပေါင်းစပ်ပြီး အမြင်ဆန်းသစ်စွာ ရေးဆွဲထားသည့် ပန်းချီဆရာငွေးမြင့်၏ ပန်းချီကားမှာလည်း စိတ်ဝင်စားစရာကောင်းလှပါသည်။

"ဈေး" ဟု အမည်ပေးထားသော ပန်းချီကားမှာ ရပ်ကွက်ဈေးတစ်ခု၏ သရုပ်ကိုခြယ်မှုန်းထားခြင်း ဖြစ်သည်။ဆရာ၏ရေးနည်း၊ ရေးဟန်အတိုင်း မော်ဒန်ပုံရိပ်များဖြင့် ရောင်းသူဝယ်သူတို့၏ သွက်လက်လှုပ်ရှားနေမှုများကို အမိအရဖမ်းယူတင်ပြထားခြင်းဖြစ်ပါသည်။

သစ်သီးလေးများ ရေးဆွဲရာတွင် အသီး၏အမြင်ဒြပ်ကို အနုအရင့်၊ အနာအဆာလေးများကအစ အသေးစိတ်ခြယ်မှုန်းနိုင်သော လူငယ်ပန်းချီဆရာ ထွန်းဝင်း(မာလကာသီး)၏ **"ပန်းသီး"** ဟု အမည်ပေးထားသော ပန်းချီကားမှာ ပန်းသစ်သီးအစစ်လေလား ထင်မှတ်



ဓာတ်ပုံ လေလား ထင် မှတ်မှား ဖွယ် ထွန်းဝင်း (မာလကာ သီး) ၏ **"ပန်း သီး"** အမည် ရှိ ပန်း ချီကား။

မှားရသည်။ ပန်းသီးလေးပေါ်တွင် တင်ကျန်နေသော ရေစက်လေးများကို ကြည့်ရှုသူတို့က လက်ဖြင့် တို့ထိကြည့်မိသည်အထိ ဆွဲဆောင်အား ကောင်းလှသည်။ ပရိသတ်ရုံ၍ ရေးချက်မှာ ပန်းချီကားတစ်ကားတွင် ရှိရမည့် အနီးအဝေး၊ အလင်းအမှောင်၊ အရောင်အသွေး၊ အယူအဆ ပိုင်နိုင်မှုကို ပြနေပါသည်။ သဘာဝတည်ရှိမှုကို ကွက်ကွက်ကွင်းကွင်း အထင်းသား မြင်နိုင်အောင် ရေးဆွဲထားသော ပုံကောင်းတစ်ပုံဖြစ်ပါသည်။

ဆရာကြီး၏ နောက်ပန်းချီကားတစ်ကားမှာ ရင်ပြင်တော်ပေါ်တွင် စုပေါင်းသန့်ရှင်းရေးလုပ်၍ ကုသိုလ်ယူနေသော ပုံဖြစ်သည်။ အရောင်အသွေး၊ ဆေးအထူအပါး၊

ပြပွဲကို ဇူလိုင် ၂၅ ရက်မှစတင်၍ ဩဂုတ် ၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသထားရာ ပန်းချီကို နှစ်သက်မြတ်နိုးသူတိုင်း သွားရောက်ကြည့်ရှုသင့်ပါကြောင်း အနုပညာ သတင်းကောင်း ပါးလိုက်ရပါသည်။ ။

အမက(၇)တာမွေ ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၁၈ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးလှထွန်းနှင့် ဆရာမများ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြစဉ်။

(က-ပ)

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း စကြာလမ်းနေ ဒေါ်ဂေါင်းလုံးမနှင့် သား၊ သမီး မြေးမြစ်တစ်စုတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋက ရွှေရတု ငွေရတုကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ် ၁၁၀၀၀၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ(ပင်မ) ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ (ရွှေသိင်္ဂီရတနာဓမ္မာရုံ ၉၈ ရွှေဘုံသာ လမ်းပန်းဘဲတန်းမြို့နယ်သို့ မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် ဥက္ကာ ၅ လမ်းနေ ဦးချိုအေး သုတရိပ်ငြိမ် (ငွေရတု) ကိုယ်စား ငွေကျပ်တစ်သိန်း လှူဒါန်းရာ အလုပ်အမှုဆောင် ဦးဘသန်း လက်ခံယူစဉ်။

(က-ပ)

လယ်တီစံ မဟာစည်ရိပ်သာ ဘောဇနဆောင်အတွက် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၅

ပုဇွန်တောင်မြို့နယ် အမှတ်(၂) ရပ်ကွက်လယ်တီစံမဟာစည်သာသနာ့ရိပ်သာအတွင်း ဆောက်လုပ်ဆဲဖြစ်သော ဘောဇနဆောင်အတွက် အလှူရှင်များက လှူဒါန်းလျက်ရှိရာ ဦးပါတွတ်-(ဒေါ်သောင်းသောင်း)(ဦးထွေးမောင်-ဒေါ်ခင်ကြည်)၊ ဦးဣန္ဒက တို့အား အမှူးထား၍ ဒေါ်ဖြူဖြူဝင်း၊ သား မောင်ဟိန်းထက်စိုး၊ သမီး မအိမ့်ကြာဖြူ အောက်ပုဇွန်တောင်လမ်းတို့က ငွေကျပ်တစ်သိန်းစီ၊(ဦးမြင့်စိုး -သား ခင်မောင်ဇော်) တို့အား ရည်စူး၍ ဒေါ်ညွန့်သန်းမိသားစု (ရွှေမင်းသားစတိုး)မှငွေကျပ်ငါးသိန်း၊ ဒေါ်ကျင်ပိုင်၊ ဒေါ်လှ၊သားသမီးတစ်စု လိပ်ကန်လမ်းနှင့် ဒေါ်ခင်ခင်အား အမှူးထား၍ ဦးလှမြင့်-ဒေါ်မူမူလှိုင် မင်းရဲကျော်စွာလမ်း ကျောက်ကုန်းတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးမြင့်-ဒေါ်ညွန့်ရီ၊ သမီး မခင်စောနွယ်၊ သား မောင်အောင်ကျော်ဦး (၁၉)လမ်းက ငွေကျပ်သုံးသိန်း၊ ဦးမောင်ကြီး-ဒေါ်စောလှ(၄၃)လမ်းကငွေကျပ်တစ်သိန်း၊ (ဦးဗိုလ်စိန်-ဒေါ်မြရှင်၊ ဦးလေး ဦးချစ်ညွန့်)တို့အား ရည်စူး၍ ကိုခင်မောင်ချို-မခင်စန်းဝင်း မိသားစု အောက်ပုဇွန်တောင်လမ်းက ငွေကျပ်တစ်သိန်း၊ (ဒေါ်ညွန့်ခင်၊ သမီး မသီတာယု)အား ရည်စူး၍ ဦးယုလွင် မိသားစု ရာဇာဓိရာဇ်လမ်းက ငွေကျပ်တစ်သိန်း၊ နှစ်ဖက်မိဘများအား ရည်စူး၍ ဦးကင်ဗိုး-ဒေါ်သန်းသန်းငွေး၊ သမီးမလွင်လွင်သန်း၊ ဒေါက်တာစုစုလွင်၊မမေစုသန်း ဦးဖိုးမင်းလမ်းက ငွေကျပ်တစ်သိန်း တစ်သောင်း၊ (မခင်မေကျော်)အားရည်းစူး၍ ဦးကျော်ညွန့်-ဒေါ်တင်တင်အုန်း မိသားစု တာဝတိံသာလမ်းက ငွေကျပ်တစ်သိန်းတို့ကို အသီးသီးလှူဒါန်းကြသည်။ အလှူရှင်များအနေဖြင့် လယ်တီစံ မဟာစည်ရိပ်သာ ဖုန်း - ၂၀၁၆၃၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၇-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။မြဝတီအဖွင့်
- ၇း၀၅ ၂။အဖွင့်သီချင်း
- ၇း၁၀ ၃။မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၅ ၄။ ကျန်းမာသုတ
- ၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -ရွှေမင်းသမီးနှင့် ဓာတ်ပုံဆရာ လွင်မိုး၊ နန္ဒာလှိုင်
- ၁း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၂း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၄း၃၅ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၄း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၀၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၅။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဒိုးဒိုးဒေါက်ဒေါက် ဘုန်ဘောက် (အပိုင်း-၂၂)(ဇာတ်သိမ်း)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေး တေးကဗျာ
- ၁၉။ လူရွှင်တော်ရွှေဖလား
- ၂၀။ English Usage
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ဖြူစင်ခြင်းရဲ့ နောက်ကွယ် (အပိုင်း-၇)
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

❖ **ရှေ့ဖုံးမှ**

လှသည့် နိုင်ငံတော်၌ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သယံဇာတများကို နိုင်ငံတော်အတွက် ရေရှည်တည်တံ့ခိုင်မြဲစွာ အသုံးချနိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ပညာရပ်ဆိုင်ရာအလိုက် အရည်အချင်း၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြသော ပညာရှင်အဖွဲ့များ၏ အခန်းကဏ္ဍနှင့် ကြိုးပမ်းစွမ်းဆောင်မှုများသည် အလွန်အရေးကြီးလှကြောင်း။

ယနေ့ ကမ္ဘာ့နိုင်ငံ အသီးသီးတွင် စားနပ်ရိက္ခာ မဖူလုံမှု၊ ရာသီဥတုပြောင်းလဲမှု၊ သီးနှံဈေးနှုန်းများ မြင့်တက်နေမှု စသည့် ပြဿနာများဖြင့် ရင်ဆိုင်နေရကြောင်း၊ ထို့အပြင် တွင်းထွက်လောင်စာဆီ ရှားပါးလာမှုကြောင့် ဇီဝစွမ်းအင် ထုတ်လုပ်သုံးစွဲရေးကို ဦးတည်ကြိုးပမ်းနေကြပြီဖြစ်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ စွမ်းဆောင်ရည်မြင့်မား တိုးတက်လာရေးသည် အဓိကကျလျက်ရှိသည်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ယနေ့ခေတ်သည် သုတအခြေခံစိုက်ပျိုးရေးခေတ် (Knowledge-based Agriculture) ဖြစ်ကြောင်း၊ တိုးတက်လာနေသည့် လူဦးရေအတွက် စားနပ်ရိက္ခာ ဖူလုံအောင် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းများ အရှိန်အဟုန်မြင့်တင်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း၊ လိုအပ်သည့် ဗဟုသုတ၊ နည်းပညာများကို အချိန်တိုအတွင်း ဆက်သွယ်ရှာဖွေ ရယူနိုင်သော ယနေ့ သတင်းနည်းပညာ တိုးတက်နေချိန်တွင် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်းပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာတိုးတက်ပြောင်းလဲမှု ဖြစ်စဉ်တွင် အမီယှဉ်တွဲလိုက်ပါနိုင်အောင် ခေတ်မီနည်းပညာ၊ အတက်ပညာများကို ထိထိရောက်ရောက် ရယူအသုံးချနိုင်ရန် ကဏ္ဍအသီးသီးတွင် တက်ကြွစွာ စွမ်းဆောင်ကြရန် အထူးအရေးကြီးလှကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးနှင့် လူသားများ ကျန်းမာရေးအတွက် အန္တရာယ်မဖြစ်စေရေးကို ဂရုပြုဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဇီဝစွမ်းအင်ဖူလုံရေးကိုလည်း အခြားနိုင်ငံများနည်းတူ အလေးပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဤနေရာတွင် မြန်မာနိုင်ငံနှင့် သင့်လျော်သည့် ဇီဝစွမ်းအင်ထုတ်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်ရာ၌ စားသုံးသီးနှံများထုတ်လုပ်မှုနှင့် အရင်းအမြစ်များ ယှဉ်ပြိုင်သုံးစွဲမှုကြောင့် ထိခိုက်မှုမဖြစ်စေရေးကို သတိမူဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့အပြင် စားသုံးသီးနှံများနှင့် ပြိုင်ဆိုင်မှုမရှိသော သစ်တောထွက်ပစ္စည်းများနှင့် အဏ္ဏဝါပြင်မှ ရရှိသော ရေညှိရေမှော်ကဲ့သို့ ဇီဝစွမ်းအင်ထုတ်လုပ်နိုင်သည့် ဒြပ်ထု (Bio-mass) များကို အသုံးချနိုင်ရေးအတွက်လည်း သုတေသန ပြုလုပ်သွားရန်လိုအပ်ကြောင်း၊ ယနေ့ သတ္တမအကြိမ် သုတေသန ညီလာခံကို ကျင်းပရသည့် အဓိက ဦးတည်ချက်နှစ်ရပ်မှာ နိုင်ငံတော်၏ သိပ္ပံနှင့် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဝန်ကြီးဌာန အသီးသီးတွင် ရှိသည့် သုတေသနဌာနများ၊ တက္ကသိုလ်များမှ ဆောင်ရွက်တွေ့ရှိထားသည့် သုတေသနတွေ့ရှိချက် ရလဒ်များကို လယ်ယာ၊ သစ်တော၊ သားငါးကဏ္ဍများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် လက်တွေ့အသုံးချနိုင်ရန်တို့ပင်ဖြစ်ကြောင်း။

ဤသုတေသနညီလာခံ၌ သုတေသနစာတမ်းများကို တင်ပြဆွေးနွေးနေကြရုံဖြင့် မပြီးဘဲ တစ်ဆင့်တက်ပြီး ရလဒ်များကို လက်တွေ့နယ်ပယ်တွင် အမှန်တကယ်အသုံးချနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းလိုကြောင်း၊ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံပိုင်ကဏ္ဍသာမက ပုဂ္ဂလိကကဏ္ဍကပါ ဟန်ချက်ညီ ပါဝင်လာရေးသည် အရေးကြီးလှကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် စီးပွားရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေကြသည့် ပုဂ္ဂလိကကဏ္ဍ၏ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးရေးကို အားပေးလျက်ရှိနေခြင်းဖြစ်ကြောင်း၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကကဏ္ဍအနေဖြင့်လည်း မိမိတို့ရရှိထားသည့် သုတေသနရလဒ်များ၊ လက်တွေ့ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲပြဿနာများကို အပြန်အလှန်ဖလှယ်ခြင်း၊ လိုအပ်သလို ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်သွားမှသာ သုတေသနလုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများက တွေ့ရှိဖြန့်ဖြူးပေးလိုက်သည့် သုတေသနတွေ့ရှိချက်ရလဒ်များကို လက်တွေ့နယ်ပယ်တွင် သုံးစွဲရင်းဖြင့် တွေ့ကြုံရသည့် အခက်အခဲ၊ အဆိုးအကောင်းများကို ပြန်လည်သုံးသပ်ပြီး မွမ်းမံပြင်ဆင်မှုများဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ သုတေသနတွေ့ရှိချက်များကို လက်တွေ့နယ်ပယ်၌ အောင်မြင်စွာ အသုံးချနိုင်ရေးကိစ္စရပ်ကို မိမိကဏ္ဍအလိုက် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအနေဖြင့် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နှင့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ရလဒ်အခြေခံ သုတေသန (Result-oriented) ဖြစ်အောင် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း ရေရှည်စီမံပျိုးထောင်သွားရမည့် အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ခေတ်မီနည်းပညာ ကျွမ်းကျင်သည့် ပညာရှင်များ ပြည့်စုံအောင် ဖြည့်ဆည်းနိုင်မှသာ ရေရှည်ဆောင်ရွက်ရသော သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးကို များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍအနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသည့် အဓိကသီးနှံဆယ်မျိုး၏ ပန်းတိုင်အထွက်နှုန်းများရရှိနိုင်မည့် အထွက်ကောင်းမျိုးများ ထုတ်လုပ်နိုင်ရေး၊ မြေ၊ ရေသယံဇာတများ အကျိုးရှိစွာ ဖော်ထုတ်အသုံးချနိုင်ရေး၊ ခေတ်မီ စိုက်ပျိုးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ပေါ်ထွန်းရေးတို့ အပါအဝင် မြေပြုပြင်သည်မှ ရိတ်သိမ်းချိန်လွန်ကာလအထိ ထိရောက်သော နည်းပညာများ အသုံးချနိုင်မှသာ သီးနှံအထွက်ကို တိုးတက်စေသကဲ့သို့ သီးနှံအရည်အသွေးကိုလည်း မြင့်မားလာစေမည်ဖြစ်သည့်အတွက် လိုအပ်သော သုတေသနလုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

သစ်တောကဏ္ဍအနေဖြင့်လည်း ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရေမြေ ရာသီဥတု သဘာဝ မျှတရန်အတွက် သစ်တောသယံဇာတများ စနစ်တကျ ထုတ်လုပ်/ ထိန်းသိမ်းရေး၊ ဇီဝမျိုးကွဲများ မပျက်သုဉ်းအောင် ပြုစုထိန်းသိမ်းရေး၊ ဂေဟစနစ် တည်တံ့ရေးတို့ကို ဦးတည်ပြီး သုတေသနလုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်တံ့ဖွံ့ဖြိုးအောင် ဆောင်ရွက်နေခြင်းသည် အနာဂတ်မြန်မာ့လူ့အဖွဲ့အစည်းအတွက် အမွေအနှစ်အဖြစ်သာမက ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ပြီးဖြစ်ကြောင်း၊ မေလဆန်းက တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းက သဘာဝဒီရေတောများ၏ အရေးပါမှုကို ပေါ်လွင်ထင်ရှားစေခဲ့ကြောင်း၊ ဒီရေတောများ ပြန်လည်တည်ထောင်ခြင်း၊ ကာကွယ်ခြင်း၊ စနစ်တကျအသုံးချခြင်း လုပ်ငန်းများ၌ သုတေသနလုပ်ငန်းများ တိုးတက်ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ကြောင်း။

မွေးမြူရေးကဏ္ဍအနေဖြင့်လည်း မျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ရေး၊ ပွားများရေး၊ မွေးမြူထုတ်လုပ်ရေးဆိုင်ရာ ခေတ်မီနည်းပညာများ တိုးတက်လာရေး၊ မြန်မာ့အဏ္ဏဝါနှင့် ငါး၊ ပုစွန်သယံဇာတများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးတို့ကို ဦးတည်ပြီး သုတေသနလုပ်ငန်းများကို ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ မွေးမြူရေးဆိုင်ရာ ထုပ်ပိုးမှု၊ ဖြန့်ဖြူးမှု နည်းစနစ်သစ်များ တိုးတက်လာရေး၊ စားသုံးသူများ အန္တရာယ်ကင်းရှင်းစေရေးကို အထောက်အကူဖြစ်စေမည့် နည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းလာရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရောဂါကာကွယ်ကုသရေးပိုင်းတွင်လည်း ယနေ့ပြန့်ပွားနေသည့် ကြက်ငှက်တုပ်ကွေးရောဂါ အပါအဝင် မိမိနိုင်ငံနှင့် ကိုက်ညီမည့် ဆေးဝါးနှင့် ကုထုံးများ ခေတ်မီတိုးတက်ရေး သုတေသနလုပ်ငန်းများလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သုတေသနပညာရှင်များနှင့် မွေးမြူထုတ်လုပ်သူများကြား ပူးပေါင်းကူညီဆောင်ရွက်မှုများ တိုးတက်လာခြင်းဖြင့် အသား၊ ငါးကဏ္ဍကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားစေနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရှင်များ၏ ခေတ်မီနည်းပညာစွမ်းအား၊ လူ့စွမ်းအားအရင်းအမြစ်၊ သုတေသနလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေ၊ ပုဂ္ဂလိကကဏ္ဍ၏ တက်ကြွစွာပါဝင်မှု၊ နိုင်ငံတော်၏ အားပေးကူညီမှုတို့ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးစားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် မှာကြားလိုသည်မှာ ယနေ့အချိန်အခါတွင် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ငြိမ်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အတွက် နိုင်ငံသားတိုင်းက မိမိတို့ကျရာ အခန်းကဏ္ဍက ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြကြောင်း၊ ပညာရှင်ကြီးများအနေဖြင့်-

- **စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများသည် နိုင်ငံ၏ အဓိက စီးပွားရေးကဏ္ဍများဖြစ်သကဲ့သို့ နိုင်ငံ့ရိက္ခာဖူလုံရေးသာမက ပြည်သူများအတွက် ကျန်းမာရေးနှင့် ညီညွတ်သော စားနပ်ရိက္ခာထုတ်လုပ်ရေး၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရက္ခနှင့် ဇီဝမျိုးစုံ မျိုးကွဲများထိန်းသိမ်းရေး၊ ဂေဟစနစ် မပျက်ယွင်းစေရအောင် ထိန်းသိမ်းကာကွယ်ရေး စသည်များကို ထိန်းညှိလျက် နိုင်ငံတကာတွင် ဖြစ်ထွန်းနေသည့် အရည်အသွေးမြင့်မားသော နည်းပညာများကို ကဏ္ဍအသီးသီးတွင် လိုက်လျောညီစွာ ထိထိရောက်ရောက်အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြပါ။**
- **နိုင်ငံတော်၏ လယ်ယာ၊ သားငါးနှင့် သစ်တော သယံဇာတများကို ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်ပြီး အမျိုးသားအကျိုးစီးပွားအတွက် ထိုက်ထိုက်တန်တန် အကျိုးရှိရှိ ရေရှည် တည်တံ့စွာ သုံးစွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြပါ။**
- **အသိပညာရှင်၊ အတတ်ပညာရှင်မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာရေးအတွက် အစီအမံများ စနစ်တကျ ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်ပေးကြပါ** ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်းပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပညာရှင်အဖွဲ့အတွင်းရေးမှူး ဦးတင်ထွဋ်ဦးက ကျေးဇူးတင်စကားပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် ပညာရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် အမှုဆောင် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဝန်ကြီးများနှင့် ဧည့်သည်များ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၏ သတ္တမအကြိမ် နှစ်ပတ်လည် ညီလာခံဖွင့်ပွဲတွင် ခင်းကျင်းပြသထားသော လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ စာအုပ်များကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ယင်းနောက် ဝန်ကြီးများနှင့် ဧည့်သည်များသည် ခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသော ပညာရှင်အဖွဲ့၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ နှစ်ပတ်လည် သုတေသနညီလာခံစာအုပ်များ၊ အလုပ်ရုံဆွေးနွေးပွဲ မှတ်တမ်းစာအုပ်များ၊ အထူးထုတ်ဂျာနယ်များ၊ စိုက်ပျိုးရေး ပညာရပ်ဆိုင်ရာ စာအုပ်များနှင့် နှစ်ပတ်လည် အစည်းအဝေးအစီရင်ခံစာ စာအုပ်များကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ညီလာခံ၏ ကဏ္ဍအလိုက် စာတမ်းဖတ်ကြားပွဲများကို သုံးနေရာခွဲ၍ ကျင်းပရာ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ စာတမ်း ၂၃ စောင်ကို နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ်၌ လည်းကောင်း၊ သစ်တောကဏ္ဍဆိုင်ရာ စာတမ်း ၁၁ စောင်ကို နေပြည်တော် ရေဆင်းရှိ သစ်တောသုတေသနဌာန၌ လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍဆိုင်ရာ စာတမ်း ၁၈ စောင်ကို နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌လည်းကောင်း ဖတ်ကြားကြပြီး အဆိုပါ ညီလာခံ၏ စာတမ်းဖတ်ကြားပွဲများကို ဇူလိုင် ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆-၇-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အတီးပြိုင်ပွဲ
- ၇း၅၀ ၅။ ဝမ်ပုံရေလျှောင်တမံ
- ၈း၀၀ ၆။ **"ကျော်သွားမှာလား-- ဖော်စားမှာလား" (ခန့်စည်သူ၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ ဟေမာန်အောင်အောင်၊ မယ်လိုဒီ) (ဒါရိုက်တာ-အကယ်ဒမီ မလိခ စိုးထိုက်အောင်)**
- ၈း၁၅ ၇။ အကပြိုင်ပွဲ
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁း၃၀ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၁း၅၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၁၅ ၅။ Rainforest Homeland
- ၁း၀၅ ၆။ "ဆန်းကြယ်ထူးခြား ပြိုင်ပွဲများ" (Telematch)
- ၁း၅၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၂း၀၀ ၈။ ကဗျာပန်းဥယျာဉ်
- ၂း၁၀ ၉။ **"အလံလေးတော့ ကိုင်ပြပါ" (ဇွဲနိုင်ဝင်း၊ ရတနာခင်) (ဒါရိုက်တာ-မင်းအုပ်စိုး)**
- ၂း၂၀ ၁၀။ အတီးပြိုင်ပွဲ
- ၂း၃၀ ၁၁။ သက်တံရောင်သံစဉ်
- ၂း၄၅ ၁၂။ International News.
- ၃း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၄း၃၀ ၄။ တေးဂီတအစီအစဉ်
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၀၀ ၆။ အတီးပြိုင်ပွဲ
- ၅း၁၀ ၇။ တေးဂီတအစီအစဉ်
- ၅း၂၀ ၈။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၅း၃၀ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားလေး ချစ်ပုံပြင်" (အပိုင်း-၁၆)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး" (အပိုင်း-၇)**
- ၁၈။ အစီအစဉ်ပြီး၏။

ဝန်ကြီး ဦးညဏ်ဝင်း မော်လ်ဒိုက်ဗ်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

၂၀၀၈ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၃) နှစ်မြောက်နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာအဗ္ဗဒူလ်လာ ရှာဟစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၅

သစ်တောရေးရာဝန်ကြီးဌာန၏ ပြည်နယ်နှင့်တိုင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာန ပြည်နယ်နှင့်တိုင်းတာဝန်ခံ ညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန တိုင်းတာဝန်ခံ ညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဒုတိယနေ့ အစည်းအဝေးကို ယနေ့တွင် ဆက်လက်ကျင်းပရာ မြန်မာ့သစ်လုပ်ငန်းမှ ပြည်နယ်နှင့်တိုင်း တာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဝန်ကြီးက လုပ်ငန်းများ လျာထားချက်နှင့်အညီ အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အမျိုးသားရေးတာဝန်အဖြစ် ဦးလည်မသုန် ထမ်းဆောင်ကြရန် နိဂုံးချုပ် အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောရေးရာဝန်ကြီးဌာန၏ ပြည်နယ်နှင့်တိုင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သစ်တော)

မြိတ်မြို့ အလက(၁) ရွှေရတုနှင့် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၅

မြိတ်မြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ရွှေရတုအခမ်းအနားနှင့် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၁၈ ရက် (စနေနေ့)တွင် အလက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများက စုပေါင်း၍ ကျင်းပမည်ဖြစ်ပြီး ရွှေရတုအထိမ်းအမှတ် ရုပ်တုကိုလည်း ယင်းနေ့တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ကိုရဲကျော်အောင်-မရင်ရင်ချို ရန်ကုန်မြို့ ဖုန်း-၀၉၉၉၂၇၆၅၄၊ ၀၁-၅၁၈၄၃၀၊ ကိုဝင်းဆွေ ရန်ကုန်မြို့ ဖုန်း- ၀၁-၂၀၁၀၇၄၊ ဦးမျိုးကြည် (ရှုံးအဖွဲ့မှူး၊ မြိတ်အသင်း) ဖုန်း- ၀၁-၂၂၄၃၄၀၊ ကိုသန်းဆွေ ရန်ကုန်မြို့ ဖုန်း- ၀၁-၇၂၄၇၉၁၊ ၀၁-၇၀၀၃၉၅၊ မမီမီလွင်(မြိတ်) ဖုန်း- ၀၅၉-၄၁၁၈၈၊ ကိုရဲထွဋ်(မြိတ်) ဖုန်း- ၀၉၈၇၆၀၂၁၇၊ ဦးအင်စွီး(မြိတ်) ဖုန်း- ၀၉၈၇၆၀၆၅၈၊ ဦးမောင်ဝင်း (မြိတ်) ဖုန်း- ၀၉၈၇၆၂၅၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

၂၀၀၈ ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန် အထူးအောင်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇူလိုင် ၂၅

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ၂၀၀၈ ခုနှစ်အတွက် ကျင်းပပြီးစီးခဲ့သော ဓမ္မာစရိယစာမေးပွဲတွင် ဖြေဆိုခဲ့သော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအနက် သုံးကျမ်းအောင် ၈၅၆ ပါး၊ နှစ်ကျမ်းအောင် ၇၀၁ပါး၊ တစ်ကျမ်းအောင် အပါး ၆၉၀၊ မြန်မာဂုဏ်ထူး နှစ်ပါး အောင်မြင်တော်မူကြသည်။

၂၀၀၈ ခုနှစ် ပထမပြန်အထူးအောင်ရွေးချယ်ရေး စာမေးပွဲတွင် ဖြေဆိုခဲ့ကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်၊ လူပုဂ္ဂိုလ်များအနက် ပထမကြီးတန်း၌ လေးပါး၊ ပထမလတ်တန်း၌ လေးပါး၊ ပထမငယ်တန်း၌ လေးပါး အောင်မြင်တော်မူကြသည်။

အထူးအောင်ပုဂ္ဂိုလ်များမှာ-

ဓမ္မာစရိယတန်း

၁။ ပထမ (အဂ္ဂမဟာကျော်)	ခုံအမှတ်(ဌ-၁၆) အရှင်ကောဝိဒ မင်းကုန်းမဟာစာသင်တိုက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း
၂။ ဒုတိယ	ခုံအမှတ် (ရ-၂၁၇) အရှင်အာသဘ သီတာရုံစာသင်တိုက် တောင်ငူမြို့၊ ပဲခူးတိုင်း
၃။ တတိယ	ခုံအမှတ် (ရ-၅၉) ဦးစန္ဒာဝရ အောင်မြင်ဇေယျကျောင်းတိုက် တောင်ငူမြို့၊ ပဲခူးတိုင်း

ပထမကြီးတန်း

၁။ ပထမ (ပထမကျော်)	ခုံအမှတ် (စက-၁၁၄) အရှင်ပါရဂူလင်္ကာရ မြစကြာကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
၂။ ဒုတိယ	ခုံအမှတ် (စက-၁၁၂) အရှင်ဉာဏဇောလင်္ကာရ မြစကြာကျောင်းတိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
၃။ တတိယ	ခုံအမှတ် (မုံ-၁၂၂) အရှင်ပညာသာရ မဟာဇောတိကာရာမတိုက် ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း
၄။ သီလရှင် (ပထမ)	ခုံအမှတ် (ရေး-၂) ဒေါ်သောဏာထေရီ နေလကမ္ဘာဓမ္မဗိမာန်ကျောင်းတိုက် ရေးမြို့၊ မွန်ပြည်နယ်

ပထမလတ်တန်း

၁။ ပထမ	ခုံအမှတ် (မန်း အမဇ- ၅၆၈) ရှင်ပညာသာမိလင်္ကာရ အောင်ချမ်းသာပရိယတ္တိကျောင်း မြောက်စလင်းတိုက်၊ မန္တလေးမြို့၊ မန္တလေးတိုင်း
၂။ ဒုတိယ	ခုံအမှတ် (ဗဟ- ၁၂) ရှင်ဝရဉာဏ မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း
၃။ တတိယ	ခုံအမှတ် (စက - ၂၄၉) အရှင်ဥ္ဇယျဓမ္မာလင်္ကာရ မြစကြာကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
၄။ သီလရှင် (ပထမ)	ခုံအမှတ် (ရေး-၁) မဓိတိမာ နေလကမ္ဘာဓမ္မဗိမာန်ကျောင်းတိုက် ရေးမြို့၊ မွန်ပြည်နယ်

ပထမငယ်တန်း

၁။ ပထမ	ခုံအမှတ် (စက-၂၄၄) ဦးပညိန္ဒြိယ မြစကြာကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
၂။ ဒုတိယ	ခုံအမှတ် (လင်း-၇၂) ရှင်ခေမာနန္ဒ ဓမ္မဒူတတောရကျောင်းတိုက် တောင်စွန်း၊ ဘီးလင်းမြို့၊ မွန်ပြည်နယ်
၃။ တတိယ	ခုံအမှတ် (ညတ-၇၈) ရှင်ဝိမလ တောင်ညိုကျောင်းတိုက် ညောင်တုန်းမြို့၊ ဧရာဝတီတိုင်း
၄။ သီလရှင်(ပထမ)	ခုံအမှတ် (စက-၇၅၃) မဇေယျနန္ဒီ သကျဓိတာသီလရှင်စာသင်တိုက် နန်းဦးမြို့သစ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

ယခုနှစ် ဓမ္မာစရိယစာမေးပွဲအောင်စာရင်းနှင့် ပထမပြန် အထူးအောင်စာမေးပွဲ အောင်စာရင်းများကို ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ရုံးများ၌လည်းကောင်း၊ ပြည်နယ်/တိုင်း သာသနာရေးမှူးရုံးများ၌လည်းကောင်း၊ သက်ဆိုင်ရာ စာဖြေဌာနရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌လည်းကောင်း ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

စိတ်ဝင်စားစရာ ကမ္ဘာ့သတင်းတိုထွာ

လူဦးရေတိုးနှုန်း အမြင့်ဆုံးနှင့် အနိမ့်ဆုံး

ကမ္ဘာပေါ်တွင် လူဦးရေ တိုးပွားနှုန်း အမြင့်ဆုံးနိုင်ငံမှာ ဆိုမာလီယာနိုင်ငံဖြစ်သည်။ ၂၀၀၂ ခုနှစ် စာရင်းများအရ လူ ၁၀၀၀ လျှင် ၃၂ ဦးနှုန်း တိုးသည်ဟု ဆိုသည်။ လူဦးရေတိုးနှုန်း အနိမ့်ဆုံးနိုင်ငံမှာ လတ်ဗီးယားနှင့် ယူကရိန်းနိုင်ငံတို့ဖြစ်ပြီး လူ ၁၀၀၀ လျှင် ခြောက်ဦးသာ တိုးသည်။

ရှင်မွေးလွန်းနိုင်ငံ

ကမ္ဘာတစ်ဝန်း ကလေးမွေးဖွားနှုန်း အမြင့်ဆုံးနိုင်ငံမှာ မြောက်အာဖရိက အတွင်းပိုင်းမှ လူဦးရေ ၁၀သန်းကျော်ရှိသော နိုင်ဂျာနိုင်ငံဖြစ်သည်။ ၂၀၀၄ ခုနှစ် စာရင်းများအရ နိုင်ဂျာမိခင်တစ်ဦးလျှင် ပျမ်းမျှ ကလေး ရှစ်ယောက်နှုန်း မွေးသည်ဟု ဆိုသည်။

အပျော်ရွှင်ဆုံးနိုင်ငံ

World Values Survey အဖွဲ့က အပျော်ရွှင်ဆုံးနိုင်ငံနှင့် စပ်လျဉ်း၍ လူထုသဘောထားစစ်တမ်းတစ်ရပ် ကောက်ယူခဲ့သည်။ ထိုသို့ကောက်ယူခဲ့သော သဘောထားစစ်တမ်းအရ အပျော်ရွှင်ဆုံးနိုင်ငံအဖြစ် ဗင်နီဇွဲလားနိုင်ငံအား သတ်မှတ်ခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံသား ၅၅ ရာခိုင်နှုန်းက မိမိတို့နိုင်ငံ၌ နေထိုင်ရသည်မှာ အလွန်ပျော်ပါသည်ဟူ၍ ဖြေကြားခဲ့သည်ဟု ဆိုသည်။ သို့ရာတွင် လတ်ဗီးယား ပြည်သူများအနက် ၃ ရာခိုင်နှုန်းကသာ အလွန်ပျော်ပါသည်ဟူ၍ ဖြေကြားခဲ့သည်ဟု ဆိုသည်။

နို့စို့ကလေး သေနှုန်း

ကမ္ဘာပေါ်တွင် နို့စို့ကလေး သေနှုန်း အမြင့်ဆုံးနိုင်ငံမှာ လူဦးရေ ငါးသန်းကျော်ရှိသည့် အာဖရိကတိုက်အနောက်ပိုင်း၏ အနောက်ဘက်ကမ်းခြေဒေသဖြစ်သည့် ဆီရာလီယွန်နိုင်ငံဖြစ်သည်။ ၂၀၀၅ခုနှစ် စာရင်းများအရ ကလေးအရှင် ၁၀၀၀ မွေးမွားရာ၌ ၁၅၉ ဒသမ ၉ ဦး သေဆုံးသည်ဟု သိရသည်။ နို့စို့ကလေး သေနှုန်းအနည်းဆုံးမှာ စင်ကာပူဖြစ်ပြီး အရှင်မွေးကလေး ၁၀၀၀ လျှင် သုံးဦးသာ အဖိတ်အစဉ်ရှိသည်ဟု ဆိုသည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၇-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"မိဘကျေးဇူးအကျေဆပ်နည်း"တရားတော် (ဆရာတော် အရှင်အာစာရာလင်္ကာရ)
၇း၅၅ - ၁း၅၅	စပါးမှဆန်အသွင် မြောင်းမြခရိုင်၏ဂုဏ်အင်
၈း၁၀ - ၂း၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၃၅ - ၂း၃၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ရင်ခုန်နှင်းဆီ"
၉း၀၀ - ၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ - ၃း၁၀	ဝါးယင်းလိပ်ရဲ့ ယင်းပန်းချီအလှ
၉း၃၀ - ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅ - ၃း၃၅	မြသိတင်နှင့် တပြင်မခြား၊ ရွှေယွန်းနားဝယ်
၉း၅၀ - ၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ - ၃း၅၅	တစ်ပတ်အတွင်းအားကစားသတင်း
၁၀း၁၀ - ၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅ - ၄း၁၅	မိသားစုအပန်းဖြေရာ ပျော်စရာကမ္ဘာ
၁၀း၃၀ - ၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅ - ၄း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅ - ၄း၄၅	လေ့လာဖန်တီး မြန်မာ့လက်မှုပုတီး
၁၁း၀၅ - ၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀ - ၅း၁၀	Language Lab [အထက(၁) ဒဂုံ]
၁၁း၄၀ - ၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ - ၅း၅၀	စက္ကူရွက်ဝေ ရှမ်းထီးသက်သေ
၁၂း၀၅ - ၆း၀၅	နိုင်ငံတကာအနုပညာရေးရာ
၁၂း၂၅ - ၆း၂၅	မိခင်လောင်းများအတွက် အာဟာရ (ဒေါက်တာလှကြည်)
၁၂း၃၅ - ၆း၃၅	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁၂း၅၀ - ၆း၅၀	Activities In The City (မြရိပ်ညို Beauty & Spa ဆိုင်သစ်ဖွင့်ပွဲ)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စည်းလုံးညီညာ-အောင်ကြောင်းဖြာ

လှိုင်အောင်

“စည်းလုံးညီညာ-အောင်ကြောင်းဖြာ” ဆိုတဲ့ စကားပုံလေးဟာ မြန်မာနိုင်ငံမှာ အခုဖြစ်ခဲ့တဲ့ နာဂစ်မုန်တိုင်းအပေါ် မြန်မာပြည်သူတစ်ရပ်လုံးက စည်းစည်းလုံးလုံးတုံ့ပြန်ခဲ့မှုကို ထင်ဟပ်နေသလိုပါပဲ။ မြန်မာတွေဟာ-တကယ်အရေးအကြောင်း ရှိလာပြီဆိုတဲ့အခါ တစ် ကမ္ဘာလုံးက အံ့သြရလောက်အောင် အင်တိုက်အားတိုက် ညီညီညွတ်ညွတ်နဲ့ ဝိုင်းကြဝန်းကြ ကူညီလိုက်ကြတာ တကယ့်ကို ပြောစမှတ်ပြု မှတ်တမ်းတင်ထိုက်ပါပေတယ်။

နာဂစ်မုန်တိုင်းဘေးဒဏ်ကို အပြင်းထန်ဆုံးခံစားခဲ့ကြရတဲ့ ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းက ပြည်သူတွေဟာ ကိုယ်နဲ့ ယခင်ကလည်းမသိကျွမ်း၊ ဆွေမျိုးသားချင်းလည်း နီးနီးကပ်ကပ် မတော်စပ်ကြတာတောင်မှ တကယ့်ကို မိမိတို့ရဲ့ ဆွေမျိုးသားချင်းအရင်းတွေ ဒုက္ခခံစားနေကြရသလို သဘောထားပြီး ပစ္စည်းတတ်နိုင်တဲ့သူက ပစ္စည်းနဲ့၊ ငွေတတ်နိုင်တဲ့သူက ငွေအားနဲ့၊ လုပ်အားတတ်နိုင်တဲ့သူက လုပ်အားနဲ့၊ ကျွမ်းကျင်မှု အတတ်ပညာရှိသူတွေက ပညာအားနဲ့၊ အနုပညာသမားတွေကလည်း အနုပညာနဲ့၊ တစ်ပြည်လုံးမှာရှိတဲ့ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပြည်သူတစ်ရပ်လုံးက အင်တိုက်အားတိုက် ကူညီခဲ့ကြတာပါ။

အရပ်ဒေသအရ ကြည့်မယ်ဆိုရင်လည်း မြန်မာပြည် တစ်နံတစ်လျား၊ မြောက်ဘက်အဖျားဆုံး ကချင်ပြည်နယ်ကနေ တောင်ဘက်အစွန်ဆုံး တနင်္သာရီတိုင်းအထိ၊ အနောက်ဘက်အဖျား ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်ကနေ အရှေ့ဘက်အစွန်ဆုံး ရှမ်းပြည်နယ်(အရှေ့ပိုင်း)အထိ နေထိုင်ကြတဲ့ မြန်မာပြည်သူတစ်ရပ်လုံးက ငွေကြေး၊ ဒေသထွက်စားစရာတို့နဲ့သာမက လုပ်အားပေးလှူနိုင်တဲ့ လူမှုရေးအဖွဲ့အစည်းဝင်တွေကပါ လုပ်အားနဲ့ ကူညီခဲ့ကြတာဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးစုတွေအရဆိုရင်လည်း ဒီအချိန်မှာ ငါက ကချင်၊ သူကကရင်၊ ငါတို့က မွန်၊ သူတို့က ဗမာဆိုပြီး ဘာမှ တစ်စုံတစ်ရာမခွဲခြားဘဲ ကချင်၊ကယား၊ကရင်၊ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားအားလုံးက တစ်သွေးတည်း တစ်သားတည်းပဲဆိုတဲ့ စိတ်ဓာတ်၊ ညီရင်းအစ်ကို စိတ်ဓာတ်တွေနဲ့ ပေးဆပ်ကူညီခဲ့ကြတာဖြစ်ပါတယ်။

အလုပ်အကိုင်အရဆိုရင်လည်း စစ်သား၊အရပ်သား၊ဝန်ထမ်း၊ ကုန်သည်၊ လယ်သမား၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ ဈေးရောင်းသူ ခေါင်းရွက်ဗျပ်ထိုးတွေပါမကျန် အလွှာစုံ၊ အလုပ်အကိုင်မျိုးစုံက ကိုယ်တတ်နိုင်သမျှအားနဲ့ သိုင်းကြဝိုင်းကြ ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒီအထဲမှာ အနုပညာရှင်တွေကလည်း တစ်တပ်တစ်အား၊ စာပေသတင်းမီဒီယာတွေကလည်း မရပ်မနား ငွေအား၊ ပညာအားတွေနဲ့ ကူညီခဲ့ကြတာ တွေ့ရပါတယ်။ ဇာတ်သဘင်ပညာရှင်တွေကဆိုရင် “ကသောလက်ဖြင့် လှူကြမည်” တဲ့။ အင်မတန်လှပပြီး အနုပညာဆန်သလောက် အဓိပ္ပာယ်ပြည့်ဝတဲ့ စာသားကလေးပါ။ အဲဒီစာသားလေးအတိုင်းပဲ အပြောနဲ့အလုပ်ညီစွာ အနုပညာမောင်နှမတွေ မန္တလေးကနေ ရန်ကုန်အထိ မမောနိုင် မပန်းနိုင် ကပြဖျော်ဖြေ၊ အလှူခံငွေဖလားတွေနဲ့ ကိုယ်တိုင်အလှူငွေတွေ ကောက်ခံပြီး မမောနိုင် မပန်းနိုင်ကြိုးစားခဲ့ကြတာ မြင်ရ၊ ကြားရတော့ ဝမ်းသာပီတိ ဖြစ်ကြရပါတယ်။ “သူတို့ ဒီလိုဖြစ်ကြရတာကို ဝမ်းမသာပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့ ကူညီခွင့်ရတာကိုတော့ ဝမ်းသာပါတယ်။ ပြည်သူတွေဟာ ကျွန်တော်တို့ရဲ့ ထမင်းရှင်၊ ကျေးဇူးရှင်တွေဖြစ်တာမို့ သူတို့ဒုက္ခရောက်တဲ့အချိန်မှာ ကျွန်တော်တို့က ပြန်ပြီး ကူညီရမှာပါ”လို့ ဇာတ်မင်းသားလေးဖိုးချစ် ပြောတဲ့စကားကို ကြားရလို့ ပိုပြီးပီတိဖြစ်မိရပါတယ်။ ခေတ်သစ်၊ ကာလပေါ်တေးသံရှင်တွေရဲ့ ကရုဏာသံစဉ် ခရီးစဉ်ဆိုရင်လည်း ဒီအတိုင်းပဲ တွေ့ရပါတယ်။

ဝန်ထမ်းတွေအပိုင်းမှာလည်းအတူတူပါပဲ။ ကိုယ့်အိမ်မှာ အမိုးလန် ထရံပွင့်ထွက်နေတာကိုတောင်မှ ဂရုမစိုက်နိုင်ဘဲ မုန်တိုင်းဒဏ်သင့်လို့ အရေးပေါ်ထိခိုက်ဒဏ်ရာရ၊ ဖျားနာနေကြတဲ့လူနာတွေကို နေ့မအား၊ ညမနား နံနက်စာနဲ့ ညစာပေါင်းစားဖို့တောင်မှ မနားနိုင်လောက်အောင် ပြုစုကုသပေးခဲ့ကြတဲ့ မုန်တိုင်းဒဏ်ခံဒေသက ကျန်းမာရေးဝန်ထမ်းတွေ၊ ကိုယ့်တပ်ထဲမှာ အဆောက်အအုံတွေ လဲပြိုပျက်စီးနေတာကို ပစ်ထားခဲ့ပြီး လေဘေးကြောင့် ပြိုလဲပိတ်ဆို့နေတဲ့ သစ်ပင်ကြီးတွေကို မိုးလင်းကမိုးချုပ် ခုတ်ထွင်ရှင်းလင်း လုပ်အားပေးခဲ့ကြတဲ့ တပ်မတော်သားတွေ၊ စည်ပင်သာယာဝန်ထမ်းတွေ၊ မြန်မာတစ်ပြည်လုံးကနေ မိသားစုကို ပစ်ထားပြီး လေဘေးကြောင့် ပြိုလဲပျက်စီးခဲ့တဲ့ လျှပ်စစ်ဓာတ်မီးတိုင်တွေကို နေ့ရောညပါ ပြန်လည်စိုက်ထူ သွယ်တန်းပေးခဲ့ကြတဲ့ လျှပ်စစ်ဝန်ထမ်းတွေ၊ ပြောမယ်ဆိုရင်တော့ အများကြီးမို့ ဆုံးနိုင်မှာမဟုတ်လို့ ဝန်ထမ်းအားလုံးဟာ နာဂစ်အရေးမှာ တာဝန်ကျေရုံမဟုတ်ဘဲ စေတနာပါ ပုံထည့်ပြီး ကြိုးစားကူညီခဲ့ကြတာ အားလုံးအမြင်ပါပဲ။

နာဂစ်မုန်တိုင်းဘေး ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ ကိုယ်တတ်နိုင်တဲ့ အတိုင်းအတာအလျောက် သဒ္ဓါတရား ထက်သန်စွာ ပါဝင်လှူဒါန်းခဲ့ကြတဲ့ စေတနာရှင်တွေ အားလုံးကိုလည်း အသိအမှတ်ပြုရမှာပါ။ ရေခဲချောင်း ရောင်းတဲ့သူတွေ ကနေ အင်အားအတောင့်တင်းဆုံး ကုမ္ပဏီလုပ်ငန်းကြီးတွေအထိ ခနအင်အားအဆင့်အသီးသီးက အလှူရှင်တွေဟာ စေတနာဖြူဖြူစင်စင်နဲ့ ငွေကျပ် ငါးဆယ်၊ တစ်ရာကစပြီး သိန်းပေါင်းထောင်နဲ့ချီတဲ့အထိ ပါဝင်လှူဒါန်းခဲ့ကြတာ တွေ့ရပါတယ်။ ပစ္စည်းအားဖြင့် ဆိုရင်လည်း သွားတိုက်ဆေး၊ ဆပ်ပြာ၊ ခေါက်ဆွဲထုပ်ကစပြီး နေစရာအိမ် အလုံးလိုက် ဆောက်လုပ်လှူဒါန်းတဲ့အထိ အမျိုးမျိုးပါဝင်ခဲ့ကြပါတယ်။ ဒီအထဲမှာ ကိုယ်တိုင်လည်းလှူ သူများကိုလည်း လှူနိုင်အောင် ဈေးလျှော့ပြီး ကုန်ပစ္စည်းတွေရောင်းချပေးတဲ့ အဝတ်အထည်ချုပ်လုပ်တဲ့ လုပ်ငန်း ပိုင်ရှင်တွေ၊ စာအုပ်နဲ့ စာရေးကိရိယာ ဆိုင်ပိုင်ရှင်တွေ စသည်ဖြင့် အတ္တဟိတထက် ပရဟိတကို ဦးစားပေးခဲ့ကြတဲ့ စေတနာရှင်တွေလည်း ရှိပါတယ်။ အလားတူ ဥပဒေဘောင်အတွင်းကို ဝင်ရောက်လာကြတဲ့ တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့များကလည်း စိတ်အားထက်သန်စွာ ဒါနအလှူပါဝင်ခဲ့ကြတာ မနည်းလှပါဘူး။

အထူးသဖြင့်ကတော့ လေဘေးသင့်တဲ့ အချိန်ကတည်းက ကယ်ဆယ်ရေးလုပ်ငန်းတွေ၊ ရှင်းလင်းရေးလုပ်ငန်းတွေ၊ ပြန်လည်ထူထောင်ရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေမှာ စွမ်းစွမ်းတမံ ပါဝင်လုပ်ဆောင်ခဲ့ကြတဲ့ ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်း ကုမ္ပဏီကြီးတွေကိုတော့ တကယ်ပဲ ချီးမွမ်းသင့်ပါတယ်။

မုန်တိုင်းသင့်ခံရတဲ့ ပြည်သူတွေရေသောက်ဖို့ အစာစားဖို့ကစပြီး နေအိမ်၊ စာသင်ကျောင်း၊ မျိုးစပါးနဲ့ လက်တွန်း ထွန်စက်တွေအထိ အသေးစိတ်ကူညီတာဝန်ယူဆောင်ရွက်ပေးခဲ့တာတွေ၊ လဲကျသစ်ပင်ကြီးတွေနဲ့ ပိတ်ဆို့နေတဲ့ ရန်ကုန်မြို့ကြီးက လမ်းတွေကို စက်ယန္တရားအားနဲ့ ကူညီရှင်းလင်း ပေးခဲ့တာတွေဟာ အမှန်တကယ်ထိရောက်ပြီး အကျိုးရှိစေခဲ့တာ ဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် ဒီကုမ္ပဏီကြီးတွေထဲက တချို့ဟာ အနောက်အုပ်စုက ပိတ်ဆို့တဲ့စာရင်းထဲမှာ ပါနေတဲ့ ကုမ္ပဏီတွေပါ။ ဒီလိုပိတ်ဆို့မှု အခက်အခဲတွေကြားထဲကပဲ အင်မတန်ကြီးမားတဲ့ ငွေကြေးတန်ဖိုးပမာဏတွေကို စိုက်ထုတ်ကျခံပြီး လှူဒါန်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒါဟာ သူတို့ရဲ့ နိုင်ငံချစ်စိတ်တွေကို လက်တွေ့ဖော်ထုတ်ပြသခဲ့တာပဲလို့ မြင်မိပါတယ်။ ဒီအရေးကိစ္စမှာ ဆင်းရဲ၊ ချမ်းသာမရွေး အမျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိကြောင်း သက်သေပြနိုင်ခဲ့ပါပြီ။

ငွေကြေးအားဖြင့်ဆိုရင်လည်း နိုင်ငံတော်အပိုင်းက ထောက်ပံ့ဖြည့်ဆည်း ကူညီပေးခဲ့တဲ့ တန်ဖိုးပမာဏဟာ ငွေကျပ်သန်းပေါင်း သောင်းနဲ့ချီပြီးတော့ ကြီးမားတဲ့ ပမာဏဖြစ်ပါတယ်။ ဒါတွေဟာ မိဘသဖွယ်ဖြစ်တဲ့ နိုင်ငံတော်အစိုးရ အနေနဲ့ ပြည်သူပြည်သားတွေအပေါ် ရင်နှစ်သည်းချာ သားသမီးတွေလို သဘောထားစောင့်ရှောက်နေတာကို ထင်ထင်ရှားရှားပြဆိုနေတဲ့ သာဓကတွေ ပါပဲ။ ဒီလို နိုင်ငံတော်အစိုးရက ပြည်သူတွေအပေါ် မေတ္တာကရုဏာအပြည့်နဲ့ ကြည့်ရှုစောင့်ရှောက်ခဲ့တာကို ခံစားနားလည် သဘောပေါက်ကြတဲ့ ပြည်သူတွေ အနေနဲ့လည်း တစ်ဦးမေတ္တာတစ်ဦးမှာဆိုတာလို နိုင်ငံတော်အကြီးအကဲနဲ့တကွ ဌာနဆိုင်ရာနဲ့ စီမံခန့်ခွဲမှု အဖွဲ့အစည်းအဆင့်ဆင့်က တာဝန်ရှိသူတွေအားလုံး အပေါ်မှာ ချစ်ခင်လေးစား အားကိုးမှုများနဲ့ တုံ့ပြန်လာခဲ့ကြတာဟာ ဖြစ်ရပ်မှန် သာဓကပါပဲ။

နောက်ထပ် အလေးအမြတ်ပြုသင့်တဲ့ အချက်ကတော့ ကိုးကွယ်ယုံကြည်ရာ ဘာသာအသီးသီးက အသင်းအဖွဲ့တွေ၊ ဦးဆောင်ဦးရွက်ပြုနေတဲ့ ပုဂ္ဂိုလ်တွေ၊ ဆရာတော်ကြီးတွေ အများအပြားက ကယ်ဆယ်ထောက်ပံ့ရေးအတွက် ဦးဆောင်စည်းရုံး၊ စီမံဆောင်ရွက်ပေးခဲ့ကြတာပါပဲ။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးတွေဖြစ်ကြတဲ့ သီတဂူ ဆရာတော်ကြီး၊ ဓမ္မစေတီဆရာတော် အရှင်ကောသလ္လ၊ ဓမ္မဒူတအရှင်ဆေကိန္ဒ၊ ပါရီဗုဒ္ဓကျောင်းတော် သာသနာပြု ဆရာတော်၊ ကိုးဘွဲ့ရဆရာတော်၊ ဆရာတော် မေတ္တာရှင် (ရွှေပြည်သာ)စတဲ့ ဓမ္မကထိက အကျော်အမော် ဆရာတော်တွေကိုယ်တိုင် ဗြဟ္မစိုရ်တရားတွေ လက်ကိုင်ထားပြီး ကိုယ်တိုင်အပင်ပန်းခံ အလှူခံပို့ဆောင် စီမံပေးတော်မူခဲ့ကြပါတယ်။ ခရစ်ယာန်ဘာသာမှာလည်း နှစ်ခြင်းအသင်းတော်၊ ကက်သလစ်အသင်းတော်တွေက ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းတွေမှာ တက်တက်ကြွကြွပါဝင်ခဲ့ကြသလို အစ္စလာမ်ဘာသာဝင်တွေရဲ့ မွတ်စလင်သာရေး၊နာရေးအသင်းတွေ၊ အဖွဲ့အစည်းတွေ၊ ဟိန္ဒူဘာသာဝင်တွေနဲ့ ဟိန္ဒူဘာသာရေး အဖွဲ့အစည်းတွေကလည်း တစ်တပ်တစ်အား ပါဝင်လှူဒါန်းဆောင်ရွက်ခဲ့ကြပါတယ်။ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးတွေကိုယ်တိုင် အန္တရာယ်ကင်း မေတ္တာသုတ် ပရိတ်တရားတော်တွေကို လေဘေးသင့်ဒေသတစ်ခုလုံး လွှမ်းခြုံပြီး ရဟတ်ယာဉ်တွေနဲ့သွားကာ ပွားများရွတ်ဆို ချီးမြှင့်ပေးတော် မူခဲ့ကြသလို ဘာသာအားလုံးရဲ့ ဆုတောင်းပွဲတွေ၊ တရားဓမ္မဟောပြောမှုတွေနဲ့ လေဘေးသင့်ပြည်သူတွေရဲ့ စိတ်ပိုင်းဆိုင်ရာ ဆောက်တည်ဖြေသိမ့်ရာအတွက် အထောက်အကူပေးခဲ့ကြပါတယ်။ ဒီလုပ်ရပ်တွေဟာလည်း မြန်မာနိုင်ငံမှာ ဘာသာရေးအရ စိတ်ဝမ်းကွဲပြားမှုမရှိဘဲ အားလုံးညီညီညွတ်ညွတ် သဟဇာတဖြစ်စွာ ကိုးကွယ်နေထိုင်ကြတယ်ဆိုတဲ့ ပြယုဂ်တစ်ခုပဲ ဖြစ်ပါတယ်။

နောက်တစ်ခု ထင်ထင်ရှားရှား တွေ့မြင်နိုင်တာကတော့ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ စည်းလုံးညီညွတ်မှုပါပဲ။ လေဘေးသင့်ခဲ့တုန်းက မုန်တိုင်းတောင်မှ မစဲသေးခင်မှာ နိုင်ငံတော်အကြီးအကဲနဲ့တကွ တာဝန်ရှိတဲ့ ခေါင်းဆောင်တွေအားလုံးဟာ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးအတွက် စပြီးစီမံဆောင်ရွက် လှုပ်ရှားနေခဲ့ကြပြီဖြစ်ပါတယ်။ မုန်တိုင်းကာလနောက်ပိုင်းမှာလည်း အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် လေဘေးသင့်ဒေသတွေမှာ အချိန်အများဆုံး အခြေပြုနေထိုင်ကွပ်ကဲနေခဲ့သလို နိုင်ငံတော်အကြီးအကဲနဲ့ ဒုတိယအကြီးအကဲတို့ ကိုယ်တိုင်လည်း လေဘေးသင့်ဒေသတွေမှာ အသေးစိတ် အချိန်ယူ လှည့်လည်စစ်ဆေးပြီး လိုအပ်သမျှကို ဖြည့်ဆည်းညွှန်ကြားပေးခဲ့တာပါ။ အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေဆိုရင်လည်း လေဘေးသင့်မြို့နယ်တစ်ခုမှာ တာဝန်ခံဝန်ကြီးတစ်ဦး တာဝန်ယူပြီး ကယ်ဆယ်ရေးနဲ့ပြန်လည်ထူထောင်ရေးကို ဦးစီးကြီးကြပ် ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။

ငွေကြေးအားဖြင့်ဆိုရင်လည်း နိုင်ငံတော်အပိုင်းက ထောက်ပံ့ ဖြည့်ဆည်းကူညီပေးခဲ့တဲ့ တန်ဖိုးပမာဏဟာ ငွေကျပ်သန်းပေါင်း သောင်းနဲ့ချီပြီးတော့ ကြီးမားတဲ့ပမာဏဖြစ်ပါတယ်။ ဒါတွေဟာ မိဘသဖွယ်ဖြစ်တဲ့ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူပြည်သားတွေ အပေါ် ရင်နှစ်သည်းချာ သားသမီးတွေလို သဘောထား စောင့်ရှောက်နေတာကို ထင်ထင်ရှားရှားပြဆိုနေတဲ့ သာဓကတွေပါပဲ။ ဒီလို နိုင်ငံတော်အစိုးရက ပြည်သူတွေအပေါ် မေတ္တာကရုဏာ အပြည့်နဲ့ ကြည့်ရှုစောင့်ရှောက်ခဲ့တာကို ခံစားနားလည် သဘောပေါက်ကြတဲ့ ပြည်သူတွေအနေနဲ့လည်း တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုတာလို နိုင်ငံတော်အကြီးအကဲနဲ့တကွ ဌာနဆိုင်ရာနဲ့ စီမံခန့်ခွဲမှု အဖွဲ့အစည်းအဆင့်ဆင့်က တာဝန်ရှိသူတွေအားလုံးအပေါ်မှာ ချစ်ခင်လေးစား အားကိုးမှုများနဲ့ တုံ့ပြန်လာခဲ့ကြတာဟာ ဖြစ်ရပ်မှန် သာဓကပါပဲ။ အစိုးရနဲ့ ပြည်သူတွေအကြား နွေးထွေးနားလည်မှုတွေ တိုးပွားလာခဲ့သလို ပြည်သူနဲ့ တပ်မတော်အကြားမှာလည်း အလားတူပဲ ဖြစ်ပါတယ်။ ပြည်သူတွေရဲ့ ဘေးဒုက္ခကို တစ်သားတည်း ခံစားတတ်တဲ့ ကြည်း၊ ရေ၊ လေ တပ်မတော်သားတွေအနေနဲ့ ဒီလေဘေးကြီးမှာ အင်တိုက်အားတိုက် ပါဝင်ကူညီခဲ့ကြတာတွေ့ရပါတယ်။ ရန်ကုန်တိုင်းမှာအင်အားနှစ်သောင်းကျော်၊ ဧရာဝတီတိုင်းမှာ အင်အားနှစ်သောင်းကျော် စုစုပေါင်း ... ရှိတဲ့ တပ်မတော်သားတွေဟာ လေ... ဆယ်ရေး၊ ဆေးဝါးကုသရေးကစပြီး ... မှာလည်း အိမ်ဆောက်ပေး၊ လမ်းခင်း... မီးဖို့ချောင်စိုက်ခင်းကလေးတွေ စိုက်ပျိုး... စုံက တက်တက်ကြွကြွ ဆောင်ရွက်... နေရတာ အင်မတန်မှ ဝမ်းသာဖို့...

လေဘေးသင့်ဒေသတွေမှာ ဘာ... ဆောင်ရွက်ပေးနေခဲ့ကြတဲ့ ပြည်ထော... အသင်း၊ ကြက်ခြေနီအဖွဲ့နဲ့ တခြား... ပုဂ္ဂလိ က စေတနာရှင်ပရဟိတ အစု... NGO ပရဟိတ အဖွဲ့အစည်းတွေရဲ့... တွေဟာလည်း အထူးပဲ ကျေးဇူးတင်...

ခြုံပြောရမယ်ဆိုရင်တော့ ဒီလေ... ပြန်လည်တည်ဆောက်ရေး လုပ်ငန်း... အားလုံးဟာ ကိုယ်တတ်နိုင်တဲ့ဘ... တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်... ကြောင့် ပြန်လည်ထူထောင်တည်ဆော... အရှိန်အဟုန်နဲ့ ဒီလောက်မြန်မြန်ဆန်... ခဲ့တာဖြစ်ပါတယ်။ အခုဆိုရင် လေဘေး... လေဘေးမခံရခင် အခြေအနေကထက်... မြို့သစ်၊ ရွာသစ်တွေ၊ ထွန်စက်အသစ်... စတဲ့ လုပ်ငန်းကိရိယာ အသစ်တွေနဲ့... ဘဝအသစ်ကို အားသစ်မာန်သစ်... ထူထောင်နိုင်ခဲ့ကြတာ တစ်နိုင်ငံလုံးက... အင်အားနဲ့ ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်... ဆိုရင် မမှားနိုင်ပါဘူး။

ဒီလိုအချိန်တိုအတွင်းမှာ ဒီ... အောင်မြင်လာခဲ့တာဟာ ကိုယ့်တစ်... ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေတယ်လို့... ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံရဲ့... သွားရေးလာရေး ခက်ခဲတဲ့ဒေသမှာ... အသီးသီးက ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ သဘာ... လေ့လာကြည့်မယ်ဆိုရင် မြန်မာနိုင်ငံ... ဟာ အံ့သြလောက်စရာ မြန်မြန်ဆန်... တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်... ထိခိုက်မှု ပမာဏလေ့လာဆန်းစစ်တဲ့... အင်ဒိုနီးရှား ဆူနာမီသဘာဝဘေးဒဏ်... ပရာဆက်ယို)ကတောင်မှ မြန်မာနိုင်ငံ... ဟာ အင်ဒိုနီးရှားမှာ ကြုံခဲ့ရတဲ့ ၂၀၀... တုန်းက ဆောင်ရွက်ခဲ့မှုတွေ ထက်ဝေ... ဖြတ် ချီးကျူးခဲ့တာဖြစ်ပါတယ်။ **၂၀၀... တစ်ခုရဲ့ ငလျင်ဘေးကြီးတုန်းက... ကြောင့် ပျက်စီးသွားခဲ့ရတဲ့ ကျေး... တစ်နှစ်ကျော် နှစ်နှစ်လောက်ကြာ... ပြန်မနေနိုင်ကြသေးဘဲ ရွက်ဖျင်တဲ... ရပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံ... နဲ့ သမိုင်းစဉ်တစ်လျှောက်လုံးမှာ ပျ... သဘာဝဘေးဒဏ်ကြီးကို ခံစားခဲ့... အောင်အောင်မြင်မြင် မြန်မြန်ဆန်... ခဲ့တာ မြန်မာပြည်သူတစ်ရပ်လုံးက...**

မြန်မာပြည်သူတွေအနေနဲ့ ဒီလို... ဆောင်ပေးခဲ့တဲ့ စည်းလုံးညီညွတ်မှုကို ... သွားသင့်ပါတယ်။ အကြောင်းကတော့... ထူထောင်ရေးဆိုတာ ခဏတစ်ဖြုတ်နဲ့... မဟုတ်ဘဲ ရေရှည်ဆက်ပြီး လုပ်ကိုင်ရေ...

ဒီအပြင်လည်း မကြာခင်မှာ ပေ... တော်သစ် ထူထောင်တည်ဆောက်ရေ... လုံးက အခုရရှိထားတဲ့ ရေပက်မဝင်... လက်ထိန်းသိမ်းထားပြီး တက်တက်ကြ... မှာပါ။ ဒီအရေးကိစ္စဟာ မြန်မာနိုင်ငံ... အထူး အရေးကြီးတဲ့ အမျိုးသားရေးကိ... မတည် မငြိမ်နဲ့ မလုံမခြုံဖြစ်နေရတဲ့ နိုင်... တွေ၊ မတည်ငြိမ်တဲ့ လောင်စာဆီဈေး... တွေကြောင့် သက်ရောက်ထိခိုက်လာ... အနေတွေ၊ မြန်မာနိုင်ငံ အေးချမ်းသာ... လို မရှုဆိတ်နိုင်ကြတဲ့ အတွင်း/အပ... နှောင့်ယှက်ဖို့ ကြိုးပမ်းလာကြမှာတွေ... ကြည့်မယ်ဆိုရင် နိုင်ငံတော်သစ် တည်... ကိစ္စကြီးဟာ ဘယ်လောက်အထိ အရေး... ဒါကြောင့် ဒီအမျိုးသားရေးကိစ္စကြီး အေ... ချမ်းချမ်း ဆောင်ရွက်ပြီးစီးနိုင်ဖို့၊ ... ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ နိုင်ငံ... ပေါ်ပေါက်လာနိုင်ဖို့ ဆက်လက်ပြီးစ... ကြပါစို့လို့ အမျိုးချစ်တဲ့ မြန်မာပြည်... လိုက်ပါရစေလား။ ။

အင်အားနှစ်သောင်းကျော် စုစုပေါင်း အင်အားလေးသောင်းကျော် ရှိတဲ့ တပ်မတော်သားတွေဟာ လေမုန်တိုင်းပြီးစမှာ ရှာဖွေကယ်ဆယ်ရေး၊ ဆေးဝါးကုသရေးကစပြီး ပြန်လည်တည်ဆောက်ရေးမှာလည်း အိမ်ဆောက်ပေး၊ လမ်းခင်းပေး၊ လယ်ထွန်ပေး၊ ခြံဝင်းထဲမှာ မီးဖိုချောင်စိုက်ခင်းကလေးတွေ စိုက်ပျိုးပေးတာကအစ ဘက်ပေါင်းစုံက တက်တက်ကြွကြွ ဆောင်ရွက်နေကြတာကို တွေ့မြင်ကြားသိနေရတာ အင်မတန်မှ ဝမ်းသာဖို့ ကောင်းပါတယ်။

လေဘေးသင့်ဒေသတွေမှာ ဘက်စုံထောင့်စုံက ပါဝင်ကူညီဆောင်ရွက်ပေးနေခဲ့ကြတဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကြက်ခြေနီအဖွဲ့နဲ့ တခြားလူမှုရေး အသင်းအဖွဲ့တွေ၊ ပုဂ္ဂလိက စေတနာရှင်ပရဟိတ အစုအဖွဲ့တွေ၊ ပြည်တွင်း၊ ပြည်ပ NGO ပရဟိတ အဖွဲ့အစည်းတွေရဲ့ အားထုတ်ကြိုးပမ်း ကူညီမှုတွေဟာလည်း အထူးပဲ ကျေးဇူးတင်ထိုက်ပါတယ်။

ခြုံပြောရမယ်ဆိုရင်တော့ ဒီလေဘေးအန္တရာယ်ကယ်ဆယ်ရေးနဲ့ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းတွေမှာ တစ်နိုင်ငံလုံးက ပြည်သူအားလုံးဟာ ကိုယ်တတ်နိုင်တဲ့ဘက်ကနေ စည်းစည်းလုံးလုံး တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေကြတဲ့ ပေါင်းစည်းအင်အားကြောင့် ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းတွေဟာ အရှိန်အဟုန်နဲ့ ဒီလောက်မြန်မြန်ဆန်ဆန် တိုးတက်အောင်မြင်လာခဲ့တာဖြစ်ပါတယ်။ အခုဆိုရင် လေဘေးသင့် ဒေသတွေမှာ အရင်လေဘေးမခံရခင် အခြေအနေကထက်ပိုပြီး စနစ်ကျကောင်းမွန်တဲ့ မြို့သစ်၊ ရွာသစ်တွေ၊ ထွန်စက်အသစ်၊ လှေအသစ်၊ ပိုက်ကွန်အသစ်စတဲ့ လုပ်ငန်းကိရိယာ အသစ်တွေနဲ့ လေဘေးသင့်ပြည်သူတွေဟာ ဘဝအသစ်ကို အားသစ်မာန်သစ်တွေနဲ့ စပြီးတည်ဆောက်ထူထောင်နိုင်ခဲ့ကြတာ တစ်နိုင်ငံလုံးက ပြည်သူတွေရဲ့ ပေါင်းစည်းအင်အားနဲ့ ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်ရွက်ခဲ့ကြတဲ့ ကျေးဇူးကြောင့်ဆိုရင် မမှားနိုင်ပါဘူး။

ဒီလိုအချိန်တိုအတွင်းမှာ ဒီလောက်မြန်မြန် တိုးတက်အောင်မြင်လာခဲ့တာဟာ ကိုယ့်တစ်နိုင်ငံတည်း အတိုင်းအတာနဲ့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေတယ်လို့ ပြောရင်တော့ မှားပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံရဲ့ လေဘေးသင့်ဒေသတွေလိုပဲ သွားရေးလာရေး ခက်ခဲတဲ့ဒေသမှာ ဖြစ်ခဲ့ကြတဲ့ ကမ္ဘာ့နေရာအသီးသီးက ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ သဘာဝဘေးဒဏ်တွေကို နှိုင်းယှဉ်လေ့လာကြည့်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ပြန်လည်တည်ဆောက်ရေးဟာ အံ့ဩလောက်စရာ မြန်မြန်ဆန်ဆန် အောင်မြင်လာခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ လေဘေးကြောင့် ထိခိုက်မှု ပမာဏလေ့လာဆန်းစစ်တဲ့ သုံးပွင့်ဆိုင်အဖွဲ့မှာ ပါဝင်ခဲ့တဲ့ အင်ဒိုနီးရှား ဆူနာမီသဘာဝဘေးဒဏ်ဆိုင်ရာ ကျွမ်းကျင်သူ (ဟေရူးပရာဆက်ယို)ကတောင်မှ မြန်မာနိုင်ငံရဲ့ ကြိုးပမ်းလုပ်ဆောင်မှုတွေဟာ အင်ဒိုနီးရှားမှာ ကြုံခဲ့ရတဲ့ ၂၀၀၄ ခုနှစ် ဆူနာမီသဘာဝဘေးတုန်းက ဆောင်ရွက်ခဲ့မှုတွေ ထက်တောင်မှ သာပါတယ်လို့ အကဲဖြတ် ချီးကျူးခဲ့တာဖြစ်ပါတယ်။ **၂၀၀၅ ခုနှစ် တောင်အာရှနိုင်ငံတစ်ခုရဲ့ ငလျင်ဘေးကြီးတုန်းကဆိုရင်လည်း ငလျင်ဒဏ်ကြောင့် ပျက်စီးသွားခဲ့ရတဲ့ ကျေးရွာတွေက ပြည်သူတွေဟာ တစ်နှစ်ကျော် နှစ်နှစ်လောက်ကြာတာတောင် အိုးနဲ့အိမ်နဲ့ ပြန်မနေနိုင်ကြသေးဘဲ ရွက်ဖျင်တဲတွေနဲ့ နေရဆဲရှိတာကို တွေ့ခဲ့ရပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေနဲ့ သမိုင်းစဉ်တစ်လျှောက်လုံးမှာ ပျက်စီးဆုံးရှုံးမှု အကြီးမားဆုံး သဘာဝဘေးဒဏ်ကြီးကို ခံစားခဲ့ရပြီးတဲ့နောက် ဒီလောက် အောင်အောင်မြင်မြင် မြန်မြန်ဆန်ဆန် ပြန်လည်ထူထောင်နိုင်ခဲ့တာ မြန်မာပြည်သူတစ်ရပ်လုံးက ဂုဏ်ယူသင့်ကြပါတယ်။**

မြန်မာပြည်သူတွေအနေနဲ့ ဒီလိုအောင်မြင်မှု ရလဒ်ကို စွမ်းဆောင်ပေးခဲ့တဲ့ စည်းလုံးညီညွတ်မှုကို အထူးတန်ဖိုးထားပြီး ထိန်းသိမ်းသွားသင့်ပါတယ်။ အကြောင်းကတော့ သဘာဝဘေးဒဏ် ပြန်လည်ထူထောင်ရေးဆိုတာ ခဏတစ်ဖြုတ်နဲ့ ပြီးစီးသွားနိုင်တဲ့ လုပ်ငန်းမျိုးမဟုတ်ဘဲ ရေရှည်ဆက်ပြီး လုပ်ကိုင်ဆောင်ရွက်သွားရမှာဖြစ်လို့ပါပဲ။

ဒီအပြင်လည်း မကြာခင်မှာ ပေါ်ပေါက်လာတော့မယ့် နိုင်ငံတော်သစ် ထူထောင်တည်ဆောက်ရေးမှာ မြန်မာပြည်သူ တစ်ရပ်လုံးက အခုရရှိထားတဲ့ ရေပက်မဝင် စည်းလုံးညီညွတ်မှုကို ဆက်လက်ထိန်းသိမ်းထားပြီး တက်တက်ကြွကြွ ပါဝင်သွားကြဖို့ လိုအပ်မှာပါ။ ဒီအရေးကိစ္စဟာ မြန်မာနိုင်ငံတော်ကြီးအတွက် အသက်တမျှအထူး အရေးကြီးတဲ့ အမျိုးသားရေးကိစ္စတစ်ခု ဖြစ်ပါတယ်။ ဒီကနေ့မတည် မငြိမ်နဲ့ မလုံမခြုံဖြစ်နေရတဲ့ နိုင်ငံတကာနိုင်ငံရေး အခြေအနေတွေ၊ မတည်ငြိမ်တဲ့ လောင်စာဆီဈေးနှုန်းနဲ့ စားနပ်ရိက္ခာ ဈေးနှုန်းတွေကြောင့် သက်ရောက်ထိခိုက်လာမယ့် ကမ္ဘာ့စီးပွားရေးအခြေအနေတွေ၊ မြန်မာနိုင်ငံ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်မှာကို မမြင်လို မရှုဆိတ်နိုင်ကြတဲ့ အတွင်း/အပ ပယောဂတွေရဲ့ ဖျက်ဆီးနှောင့်ယှက်ဖို့ ကြိုးပမ်းလာကြမှာတွေကို ထည့်သွင်းသုံးသပ်စဉ်းစားကြည့်မယ်ဆိုရင် နိုင်ငံတော်သစ် တည်ဆောက်ရေးဆိုတဲ့ အရေးကိစ္စကြီးဟာ ဘယ်လောက်အထိ အရေးကြီးတယ်ဆိုတာ သိနိုင်မှာပါ။ ဒါကြောင့် ဒီအမျိုးသားရေးကိစ္စကြီး အောင်အောင်မြင်မြင် အေးအေးချမ်းချမ်း ဆောင်ရွက်ပြီးစီးနိုင်ဖို့၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ခိုင်ခိုင်မာမာ ပေါ်ပေါက်လာနိုင်ဖို့ ဆက်လက်ပြီးစည်းလုံးညီညွတ်စွာ ကြိုးပမ်းကြပါစို့လို့ အမျိုးချစ်တဲ့ မြန်မာပြည်သူတစ်ရပ်လုံးကို တိုက်တွန်းလိုက်ပါရစေလား။ ။

ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စင်ကာပူနိုင်ငံ၌ ကျင်းပသည့်(၄၁)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၀ရက်မှ ၂၄ရက်အထိ စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသည့် (၄၁)ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇူလိုင် ၂၀ ရက် ညပိုင်းတွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်၍ မြန်မာနိုင်ငံ၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုခဲ့ခြင်း၊ ဆိုင်ကလုန်း နာဂစ် ထိခိုက်ပျက်စီးမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်က ဆောင်ရွက်ခဲ့သည့် ပြန်လည်ထူထောင်မှုလုပ်ငန်းများနှင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ အပါအဝင် နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် (၄၁)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ စင်ကာပူ-အာဆီယံ လေ့လာရေးဌာန တည်ထောင်ဖွင့်လှစ်မှု အခမ်းအနား၊ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘော နေ့လယ်စာစားပွဲနှင့် သီးသန့်ဆွေးနွေးပွဲတို့သို့ ပါဝင်တက်ရောက်ခဲ့သည်။

ထို့နောက် ဝန်ကြီး ဦးဉာဏ်ဝင်းသည် မွန်းလွဲ ၂ နာရီတွင် အာဆီယံ ပဋိညာဉ်စာတမ်းကို မြန်မာနိုင်ငံက အတည်ပြုသည့် စာချွန်လွှာအား အပ်နှံသည့်အခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့ပြီး အာဆီယံ ပဋိညာဉ်စာတမ်းအား အတည်ပြုသည့် စာချွန်လွှာကို ဝန်ကြီးက အာဆီယံအတွင်းရေးမှူးချုပ်ထံ အပ်နှံသည်။

ယင်းသို့ စာချွန်လွှာကို အပ်နှံခဲ့သည့်အတွက် မြန်မာနိုင်ငံသည် အာဆီယံ ပဋိညာဉ်စာတမ်းအား အတည်ပြုပြီးသည့် (၇)နိုင်ငံမြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။

ယင်းနောက် ဝန်ကြီးဦးဉာဏ်ဝင်းသည် ညနေပိုင်းတွင် အာဆီယံဦးဆောင်သော ညှိနှိုင်းရေးအစီအစဉ်အရဆောင်ရွက်ခဲ့သည့် ဆိုင်ကလုန်းနာဂစ်အလွန် ပူးတွဲလေ့လာ သုံးသပ်ချက်၏ အစီရင်ခံစာထုတ်ပြန်ခဲ့သည့် သတင်းစာ ရှင်းလင်းပွဲသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။ ယင်းသတင်းစာရှင်းလင်းပွဲတွင် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ အာဆီယံ အတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂလူသားချင်း စာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးတို့ကလည်း မိန့်ခွန်းအသီးသီး ပြောကြားခဲ့ကြသည်။

ဝန်ကြီးဦးဉာဏ်ဝင်းသည် ဇူလိုင် ၂၂ ရက်တွင် ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့အကြား ဖြစ်ပွားသည့် နယ်နိမိတ်အငြင်းပွားမှုကိစ္စနှင့် စပ်လျဉ်း၍ ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအလုပ်သဘော နေ့လယ်စာစားပွဲသို့ ပါဝင်တက်ရောက်ခဲ့သည်။ ထို့အပြင် ဝန်ကြီးသည် နေ့လယ်ပိုင်းတွင် ကျင်းပသည့် အာဆီယံ+၃ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့လည်းကောင်း၊ အရှေ့အာရှ ထိပ်သီးအစည်းအဝေး အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော ဆွေးနွေးပွဲများသို့ လည်းကောင်း ပါဝင်တက်ရောက် ဆွေးနွေးခဲ့သည်။

ဝန်ကြီးဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၃ရက်တွင် အာဆီယံ ဆွေးနွေးဘက်နိုင်ငံ (၁၀)နိုင်ငံနှင့် ကျင်းပသော ဝန်ကြီးများအဆင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံသည် အာဆီယံ-နယူးဇီလန် ဆွေးနွေးဘက် ဆက်ဆံရေးတွင် ညှိနှိုင်းရေးမှူးဖြစ်သည့်အတွက် ဝန်ကြီး ဦးဉာဏ်ဝင်းသည် အာဆီယံ-နယူးဇီလန်ဝန်ကြီးအဆင့် အစည်းအဝေးတွင် ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ဝန်ကြီးဦးဉာဏ်ဝင်းသည် ဇူလိုင် ၂၄ ရက်တွင် (၁၅)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာ ဖိုရမ် (အေအာရ်အက်ဖ်) အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးနှင့် ဝန်ကြီးအဆင့် မျက်နှာစုံညီ အစည်းအဝေးတို့သို့ ပါဝင်တက်ရောက်ခဲ့သည်။

သီးသန့် အစည်းအဝေးတွင် ဝန်ကြီးက မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။ အေအာရ်အက်ဖ် အစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံ (၂၇)နိုင်ငံတို့မှ ဝန်ကြီးအဆင့် ကိုယ်စားလှယ်အဖွဲ့များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ထို့အပြင် ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံနိုင်ငံများ၏ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်းကို လက်ခံသည့် နောက်ဆက်တွဲစာချုပ်ကို လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ယင်းသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံအား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်တွင် အဖွဲ့ဝင်အဖြစ် လက်ခံခဲ့သည့်အတွက် ယင်းစာချုပ်ဝင်နိုင်ငံ (၂၅)နိုင်ငံ ရှိလာပြီဖြစ်သည်။

စင်ကာပူသမ္မတနိုင်ငံ၌ ရှိနေစဉ် ဝန်ကြီး ဦးဉာဏ်ဝင်းသည် ကမ္ဘောဒီးယား၊ ဂျပန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဩစတြေးလျ၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်နှင့် တီမောလက်စ်တေ နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် သီးခြားစီလက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များနှင့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာရေးရာများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသည့် အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း၊ နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်၊ အာဆီယံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေ၊ လက်ထောက်ညွှန်ကြားရေးမှူးများ ဖြစ်ကြသည့် ဦးကျော်တင်ရှိန်နှင့် ဦးကျော်စည်သူနှင့် ဌာနစုမှူး(၁) ဦးတင်ဝင်းတို့ ပြန်လည် လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း စင်ကာပူသမ္မတနိုင်ငံ၌ အာဆီယံပဋိညာဉ်စာတမ်း အတည်ပြုစာချွန်လွှာကို အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်စူဝမ်ထံ ပေးအပ်စဉ်။ (နိုင်ငံခြားရေး)

✳ ကျောဖုံးမှ

ခြင်နှိမ်နင်းရေး ဆေးမှုတ်ခြင်းလုပ်ငန်းများ၊ ဝမ်းနှင့်ပတ်သက်သော ရောဂါများ မဖြစ်ပွားစေရေးအတွက် စွန့်ပစ်အမှိုက်များ ခြင်၊ယင် နှိမ်နင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် လပွတ္တာမြို့နယ်အတွင်း အခြေစိုက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ ပိုမိုအဆင်ပြေထိရောက်စေရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးကြပြီး ဆေးရုံသင်္ဘောဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ဆောင်နေကြသော ဒေါက်တာဇော်မိုးရှိန်နှင့်အဖွဲ့အား သွားရောက်အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လပွတ္တာမြို့နယ် (၃)မိုင်ကယ်ဆယ်ရေးစခန်း၌ အခြေခံကျန်းမာရေး ဝန်ထမ်းများက ဒေသခံ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။ (ကျန်းမာရေး)

❁ လေဘေးသင့်မှ

ဦးစီးအရာရှိ ဦးဝင်းကြည်နှင့် ဝန်ထမ်းများသည် ဇူလိုင် ၁၅ရက်မှ ၂၄ရက်အထိ လေဘေးသင့်ကျေးရွာအုပ်စု ၁၃ အုပ်စုသို့ တစ်ရွာဝင် တစ်ရွာထွက်ကွင်းဆင်းသွားရောက်ကြပြီး ကျွဲ၊ နွား ၈၀၂ ကောင်အား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ ကျွဲ၊ နွား ၆၃ ကောင်အား ခွာနာ၊ လျှာနာ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကျွဲ၊ နွား ၂၇၂ ကောင်အား အထွေထွေဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြပြီး ကျွဲ၊ နွား အားဖြည့်အစာတောင့် အိတ် ၁၁၈၀ ကို လက်ဝယ်အရောက် အခမဲ့ ဖြန့်ဖြူးပေးခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းအဖွဲ့ နှစ်ဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့် တယ်ချောင်းကျေးရွာအုပ်စုအတွင်းရှိ တယ်ချောင်း၊ သဲဖြူချောင်းနှင့် ရေကျော်ကြီးကျေးရွာများ၌ ကျွဲနွားကောင်ရေ ၁၉၀ အား လည်ချောင်းကွဲရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ ကျွဲ၊နွား ၃၄ ကောင်အား အထွေထွေရောဂါဆေးကုသပေးခြင်းတို့ကိုဆောင်ရွက်ပေးခဲ့သည့်အပြင် ကျွဲ၊နွားကျန်းမာရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများကိုလည်း ကျေးရွာအလိုက် ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် အဓိကရုဏ်းနှိမ်နင်းရေးအတွက် လေ့ကျင့်နေသော တပ်ဖွဲ့ဝင်များကို ဇူလိုင်၂၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ စင်းကျန်လေဆိပ်များတွင် လုံခြုံရေးအစီအစဉ် တိုးမြှင့်ဆောင်ရွက်

ပေကျင်း ဇူလိုင် ၂၄

တရုတ်အစိုးရက ဖောက်ခွဲရေးပစ္စည်း ရှာဖွေသူများအား စင်းကျန်ဒေသတစ်ဝန်းရှိ လေဆိပ်များသို့ တာဝန်ချထားသည်။ တရုတ်နိုင်ငံ၏ အနောက်မြောက် နယ်စပ်ဒေသသည် အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုများဖြစ်ပွားရာ ဒေသဖြစ်သဖြင့် လုံခြုံရေးအရ စစ်ဆေးမှုများအားဖြည့် လုပ်ဆောင်နေကြောင်း နိုင်ငံပိုင်သတင်းဌာနက ဖော်ပြသည်။

ပုံမှန်ပြုလုပ်နေသည့်လုံခြုံရေးအပြင် ခရီးသည်များအနေဖြင့် ဖောက်ခွဲရေးပစ္စည်းများရှိ၊ မရှိ ထောက်လှမ်းရေးကိရိယာများဖြင့် ရှာဖွေခံရမည်ဖြစ်ပြီး ယင်းရှာဖွေစက် ၄၂ လုံးကို ဖော်ပြပါဒေသအတွင်းရှိ လေဆိပ် ၁၃ ခုရှိ နားနေဆောင်များတွင် တပ်ဆင်ထားသည်။

ယင်းလုပ်ရပ်သည် အကြမ်းဖက်သမားများက လေဆိပ်များတွင် ဖောက်ခွဲရေးပစ္စည်းများ ယူဆောင်နိုင်ခြင်းမရှိစေရန် ကာကွယ်သည့်အစီအစဉ်ဖြစ်သည်ဟုစင်းကျန်လေဆိပ်မှ လုံခြုံရေးတာဝန်ရှိပုဂ္ဂိုလ် ဇုန်ကွန်လင်းကို ကိုးကား၍ "ဆင်ဟွာ"သတင်းဌာနက ဖော်ပြသည်။

အကြမ်းဖက်တိုက်ခိုက်မှုသည်ပေကျင်းအားကစားပွဲများအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုအန္တရာယ်ဖြစ်ပြီး ပါကစ္စတန်နှင့် ထိစပ်နေသည့် နယ်စပ်ဖြစ်သည့် စင်းကျန်ဒေသမှ သောင်းကျန်းသူအုပ်စုများကို ဖြိုခွင်းခဲ့သည်ဟု တရုတ်အစိုးရက ပြောကြားသည်။

ပေကျင်းအိုလံပစ်အားကစားပွဲများအား ပစ်မှတ်ထားတိုက်ခိုက်ရန် စီစဉ်နေသည့် အကြမ်းဖက်အုပ်စု ငါးခု၏ အကြံကို ဖယ်ရှားခဲ့သည်ဟု တရုတ်အစိုးရက ယခုလစောစောပိုင်းတွင် ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အိုဘားမားက မက်ကိန်းထက် ပြည်သူ့ထောက်ခံမှု ပိုရနေဟု စစ်တမ်းတွင် ဖော်ပြ

ဝါရှင်တန် ဇူလိုင် ၂၅

အမေရိကန်နိုင်ငံကို လမ်းမှားသို့ ဦးဆောင်နေသည်ဟု ယုံကြည်ကြသော ပြည်သူများ၏ အရေအတွက်သည် ရာခိုင်နှုန်းတိုးလာနေသည်နှင့် တစ်ချိန်တည်းမှာပင် အမေရိကန်သမ္မတရွေးချယ်ပွဲတွင် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ဘာရက်အိုဘားမားက ရီပတ်ဘလီကန်သမ္မတလောင်း ဂျွန်မက်ကိန်းအား ခြောက်မှတ်အသာဖြင့် ဦးဆောင်နေကြောင်း အင်န်ဘီစီ သတင်းဌာနနှင့် ဝေါလ်စထရိဂျာနယ်တို့ ဗုဒ္ဓဟူးနေ့က ပူးပေါင်း၍ ထုတ်ပြန်သော စစ်တမ်းတွင် ဖော်ပြထားသည်။

နိုဝင်ဘာလ ရွေးကောက်ပွဲအတွက် ပြည်သူ၏ထောက်ခံမှု ၄၁ ရာခိုင်နှုန်းရရှိထားသော ရီပတ်ဘလီကန်သမ္မတလောင်း မက်ကိန်းကို ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း အိုဘားမားက ၄၇ ရာခိုင်နှုန်းဖြင့် အသာစီးရလျက်ရှိသည်။ သို့သော် အိုဘားမားအား အမေရိကန်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့လျှင် နိုင်ငံသည် ပို၍ အန္တရာယ်ရှိနိုင်သည်ဟု စစ်တမ်းကောက်ယူသော လူဦးရေ၏ ၅၅ ရာခိုင်နှုန်းက ယုံကြည်ပြီး မက်ကိန်းကိုမူ ၃၅ ရာခိုင်နှုန်းက အန္တရာယ်ရှိနိုင်သည်ဟု ယုံကြည်ကြသည်။

စစ်တမ်းကောက်ယူသော လူဦးရေ၏ ၁၃ ရာခိုင်နှုန်းသည်သာ အမေရိကန် ခေါင်းဆောင်များက နိုင်ငံအား လမ်းမှန်သို့ ဦးဆောင်နေသည်ဟု ယုံကြည်ကြသည်။ အင်န်ဘီစီ၊ ဝေါစထရိဂျာနယ်၏ စစ်တမ်းကောက်ယူသောသမိုင်းတွင် အထက်ပါ အချိုးအစားသည် အနိမ့်ဆုံးဖြစ်သည်။

စီးပွားရေး တဖြည်းဖြည်း ကျဆင်းနေခြင်းသည် အမေရိကန်လူထု ထိပ်ဆုံးမှ စိုးရိမ်မှုအဖြစ် ဆက်လက်တည်ရှိနေသည်။ အဆိုပါ ပြဿနာကို အိုဘားမားသော်လည်းကောင်း၊ မက်ကိန်းသော်လည်းကောင်း ဖြေရှင်းပေးနိုင်လိမ့်မည်ဟု မယုံကြည်ကြပေ။ ၂၈ ရာခိုင်နှုန်းသည် အိုဘားမားက လမ်းကြောင်းမှန်ပေါ်သို့ နိုင်ငံကို ပြန်လည်တင်ပေးလိမ့်မည်ဟုယုံကြည်ပြီး ၁၇ ရာခိုင်နှုန်းက မက်ကိန်းက လုပ်ဆောင်ပေးနိုင်မည်ဟု ယုံကြည်နေသည်။

အမ်အင်အေ၊ရိုက်တာ။

ဗြိတိန်နိုင်ငံသား အေအက်ဖ်ပီသတင်းထောက်တစ်ဦးအား အီရန်အာဏာပိုင်များက နှင်ထုတ်

ပါရီ ဇူလိုင် ၂၅

အီရန်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသည့် ဗြိတိန်နိုင်ငံသား အေအက်ဖ်ပီ သတင်းထောက်တစ်ဦးအား ဖြေရှင်းချက်တောင်းခံမှုမရှိဘဲ အီရန်မှ ထွက်ခွာသွားရန် အီရန်အာဏာပိုင်များက အကြောင်းကြားခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

၎င်းသတင်းထောက်သည်စတူးဝပ် ဝီလီယံဖြစ်ပြီး တီဟီရန်တွင် အေအက်ဖ်ပီသတင်းဌာနမှ ဒုတိယအကြီးအကဲဖြစ်သည်။ ၎င်းသည် အီရန်တွင် နှစ်နှစ်ကြာတာဝန်ထမ်းဆောင်ခဲ့ပြီး ဩဂုတ် ၂၈ ရက်မတိုင်မီအထိ ခွင့်ပြုထားသည့်နေထိုင်ခွင့်ကို ပြန်လည်သက်တမ်းတိုးရမည်ဖြစ်သော်လည်း ရက်အနည်းငယ်အတွင်း အီရန်မှ ထွက်ခွာရမည်ဟု အီရန် တာဝန်ရှိပုဂ္ဂိုလ်များက ၎င်းအား ပြောကြားထားသည်ဟု အေအက်ဖ်ပီက ဖော်ပြသည်။

ဝီလီယံသည် အီရန်မှထွက်ခွာရမည်ဖြစ်ကြောင်း တီဟီရန်ရှိ အီရန်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက အခိုင်အမာပြောကြားသော်လည်း အသေးစိတ် ပြောကြားမှုမရှိပေ။

ယင်းလုပ်ရပ်သည် တရားမျှတမှုမရှိသည့် နှင်ထုတ်မှုဖြစ်ပြီး ထိုလုပ်ရပ်အပေါ် အထူးဝမ်းနည်းမိကြောင်း၊ အေအက်ဖ်ပီသတင်းဌာနက ယထာဘူတကျစွာ အီရန်သတင်းများကို ဆက်လက်ရေးသားရန် ဆန္ဒရှိကြောင်း စသဖြင့် အေအက်ဖ်ပီ ပြန်ကြားရေးညွှန်ကြားရေးမှူးဖြစ်သူ ဒင်းနစ်ဟိုင်ယာယော့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အာဖရိက ဒါဖာဒေသတွင် ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းများလုပ်ဆောင်ရန် ရောက်ရှိလာကြသည့် ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်အချို့ကို ဇူလိုင် ၂၄ ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

စစ်သွေးကြွများအားတိုက်ရန် နိုင်ငံခြားတပ်ဖွဲ့များ စစ်ရေးလှုပ်ရှားမှုကို ခွင့်မပြုကြောင်း ပါကစ္စတန်ကြေညာ

အစ္စလာမ္မာဘတ် ဇူလိုင် ၂၅

ပါကစ္စတန်နိုင်ငံသည် ၎င်း၏ ပိုင်နက်နယ်မြေပေါ်တွင် အစ္စလာမ္မစ် စစ်သွေးကြွများကို တိုက်ခိုက်ရန် ကြံစည်ခြင်းနှင့် နိုင်ငံခြားတပ်ဖွဲ့များ စစ်ရေးလှုပ်ရှားခြင်းတို့ကို ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း ဗုဒ္ဓဟူးနေ့က ပြောကြားလိုက်သည်။

အာဖဂန်နယ်စပ် မျိုးနွယ်စုတို့ နေထိုင်ရာ ဒေသများအတွင်းမှ အယ်လ်ခိုင်ဒါများနှင့် တာလီဘန်တို့ ပုန်းခိုရာနေရာများကို အမေရိကန်ပြည်ထောင်စုက တစ်ဖက်သတ်စစ်ရေးအရ အရေးယူဆောင်ရွက်မည်ကို စိုးရိမ်မှု ကြီးထွားလာနေသော ပါကစ္စတန်ညွန့်ပေါင်းအစိုးရ ခေါင်းဆောင်များက အဆိုပါကြေညာချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီသည် အမေရိကန်ပြည်ထောင်စုသို့ တရားဝင်အလည်အပတ်သွားရန် ပြင်ဆင်နေစဉ် ဆိုးရွားလာနေသော ပါကစ္စတန်နိုင်ငံ လုံခြုံရေးကို ဆွေးနွေးရန် ညွန့်ပေါင်းအစိုးရ မဟာမိတ်များကို တောင်းဆိုထားသည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပမည့် ၂၀၀၈ ခုနှစ် အိုလံပစ်ပွဲတော် ကာလအတွင်း စကားပြန်၊ ဧည့်လမ်းညွှန်၊ ဧည့်အကူအညီပေးမည့် စေတနာ့ဝန်ထမ်း ၄၀၀၀၀၀ ကျော် အနက်မှ အချို့ကို ဇူလိုင် ၂၅ ရက်က ပေကျင်းမြို့တွင် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နီပေါသမ္မတသစ် ကျမ်းသစ္စာကျိန်ဆို

ခတ္တမန္ဒူ ဇူလိုင် ၂၅

နီပေါနိုင်ငံ၏ ပထမဆုံးသော သမ္မတ ရမ်းဘာရာမ်ယာဒဗ်သည် ဗုဒ္ဓဟူးနေ့က ကျမ်းသစ္စာကျိန်ဆို ကာ တာဝန်များကို စတင်ထမ်းဆောင်သည်။

အသက် (၆၁)နှစ် အရွယ်ရှိသူ သမ္မတ ရမ်းဘာရာမ်ယာဒဗ်သည် ဆရာဝန်တစ်ဦးလည်း ဖြစ်သည်။ ၎င်းသည် သမ္မတနန်းတော်ရှေ့ မြက်ခင်းပြင်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ခြင်းဖြစ်သည်။

သမ္မတနေထိုင်မည့် နန်းတော်သည် ယခင်အခါက နိုင်ငံခြားရေးဝန်ကြီးဌာန အဆောက်အအုံဖြစ်သည်။ ၎င်းသည် နီပေါနိုင်ငံ တောင်ပိုင်းမြေပြန့်ဒေသတွင် နေထိုင်သော မီဒီရှိ မျိုးနွယ်ဝင်တစ်ဦးလည်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ကိုလံဘီယာလေတပ်က ဗုံးကြဲတိုက်ခိုက် အက်ဖ်အေအာရ်စီ သူပုန် ၂၀ သေဆုံး

ဘိုဂိုတာ ဇူလိုင် ၂၅

ကိုလံဘီယာလေတပ်က သူပုန်စခန်းတစ်ခုကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး သူပုန် ၂၀ သေဆုံးသွားခဲ့သည်။ ယခုအကြိမ်လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုသည် ၂၀၀၈ ခုနှစ်အတွင်း၌ နောက်ဆုံးတိုက်ခိုက်မှုဖြစ်သည်ဟု အစိုးရဘက်က ဇူလိုင် ၂၃ ရက်တွင် ပြောကြားသည်။

ထိုလေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုအတွင်း အက်ဖ်အေအာရ်စီသူပုန်များ အသေအပျောက်အများဆုံးဖြစ်သည်။ ထို့အပြင် မတ်လအတွင်းက အီကွေဒေါရှိ သူပုန်စခန်းကို ယခုကဲ့သို့ ကောင်းကင်မှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ သူပုန်ခေါင်းဆောင် ရောင်းရီရီးစ် သေဆုံးသွားခဲ့သည်ဟု သိရသည်။

ယခုနောက်ဆုံး တိုက်ခိုက်မှုသည် ကော်ကာပြည်နယ် အနောက်တောင်ဘက်၌ ဖြစ်သည်။ ယင်းနေရာ၌ လျှို့ဝှက်၍ သိမ်းဆည်းထားသည့် အက်ဖ်အေအာရ်စီ သူပုန်များ၏ လက်နက်များနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများကို ရှာဖွေသိမ်းဆည်းနိုင်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နှင့်အာဆီယံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သဘောတူ

စင်ကာပူ ဇူလိုင် ၂၅

ကမ္ဘာတွင် ရေနံနှင့်စားသောက်ကုန်စျေးနှုန်းများ မြင့်မားလာခြင်း၊ ကမ္ဘာ့စီးပွားရေးကျဆင်းနေခြင်း၊ အမေရိကန်ဒေါ်လာ တန်ဖိုးကျခြင်း၊ သွင်းကုန်ကာကွယ်ရေး ဝါဒများ ခေါင်းထောင်လာခြင်းနှင့် သဘာဝဘေးအန္တရာယ်များစသည့် အရေးကြီးသော စိန်ခေါ်မှုများအား ရင်ဆိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများကိုအရှိန်မြှင့်ရန် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အာဆီယံ) နှင့် တရုတ်နိုင်ငံတို့သည် ဗုဒ္ဓဟူးနေ့က သဘောတူညီကြကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကွမ်ချောင်းက ပြောကြားသည်။

အာဆီယံ-တရုတ်ဝန်ကြီးအဆင့် ဆွေးနွေးပွဲတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးရန်ကျီချီက တရုတ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အဆင့်မြင့်ဆွေးနွေးပွဲများ ကျင်းပရန်၊ နှစ်နိုင်ငံချင်းနှင့် နိုင်ငံတကာပြဿနာများကို အမြင်ချင်းဖလှယ်ရန် ဆန္ဒရှိကြောင်း ပြောကြားလိုက်သည်။ ထပ်မံ၍ တရုတ်နိုင်ငံသည် အာဆီယံသို့ သံအမတ်တစ်ဦးစေလွှတ်ရန် ဆုံးဖြတ်ထားကြောင်းလည်း ပြောကြားသည်။

တရုတ်နိုင်ငံသည် အာဆီယံ-တရုတ် လွတ်လပ်စွာ ကုန်သွယ်ရေးနယ်မြေထူထောင်ရန်ကိစ္စဆောင်ရွက်မှုများ အရှိန်မြှင့်ရန် အာဆီယံနှင့် နီးကပ်စွာပူးပေါင်းလုပ်ဆောင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

ပတ်ဝန်းကျင်၊ ရာသီဥတု အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးသည် အဓိက ပူးပေါင်းဆောင်ရွက်ရမည့်ကဏ္ဍဖြစ်ကြောင်း တရုတ်နှင့်အာဆီယံက အသိအမှတ်ပြုကြောင်း ရန်က ပြောကြားသည်။

တရုတ်နိုင်ငံသည် မဲခေါင်မြစ်ဝှမ်း ဖွံ့ဖြိုးရေးစီမံကိန်းနှင့် အခြေခံလုပ်ငန်းအသီးသီးမှ စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် အာဆီယံနှင့် ခိုင်မြဲစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်က ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ ပေကျင်းမြို့ အိုလံပစ်ပွဲတော်၌ ပါဝင်ယှဉ်ပြိုင်မည့် အိမ်ရှင်အားကစားသမား ၆၃၀တို့ ပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်မြှင့်တင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ကတိသစ္စာဆိုနေကြသည်ကို ဇူလိုင် ၂၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိန္ဒိယနှင့် ရုရှားတို့ တင့်ကား ပူးတွဲ ထုတ်လုပ်မည်

မော်စကို ဇူလိုင် ၂၅

အသံထက်လျင်မြန်သည့် ဘရာမော့စ်နျူကလီးယား ဒုံးကျည်များ အောင်မြင်စွာ ထုတ်လုပ်ပစ်လွှတ်ခဲ့ပြီးနောက် အိန္ဒိယနှင့် ရုရှားတို့က စမတ်တိုက်ခိုက်ရေး တင့်ကားပူးတွဲထုတ်လုပ်ရန်ကိစ္စကို စဉ်းစားလျက်ရှိကြောင်း၊ ယင်းတင့်ကားသည် မြန်နှုန်း မြင့်မားပြီး ပစ်အား ပိုမိုကောင်းမွန်ကြောင်း "ပီတီအိုင်" သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မိမိတို့က ၂၁ ရာစုနှစ်တွင် တင့်ကားထုတ်လုပ်မည့် ဖော်ပြပါ အတွေးအခေါ်ကို တင်ပြခဲ့ကြောင်း၊ အိန္ဒိယဘက်ကလည်း အလားတူအဆိုပြုချက်များ တင်ပြနေပြီဖြစ်ကြောင်း ရုရှားနိုင်ငံမှ တင့်ကားအကြီးဆုံး ထုတ်လုပ်သည့် ယူရယ်ဗာဂွန်ဇာဗော့ဒ် (ယူဗီဇက်) ကုမ္ပဏီ၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ နီကိုလေမာလစ်က ပြောကြားသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ပဏာမဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်ပြီး ဖော်ပြပါ တင့်ကားထုတ်လုပ်ရေးကိစ္စ တင်ပြဆွေးနွေးရန်အတွက် ယူဗီဇက်မှ ကျွမ်းကျင်သူများသည် အိန္ဒိယနိုင်ငံသို့ ယခုအခါ သွားရောက်နေသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ ***အမ်အင်အေ၊ပီတီအိုင်။***

အမေရိကန်ခွဲစိတ်ဆရာဝန်တစ်ဦး လူသတ်မှုစွပ်စွဲချက်များဖြင့် ဩစတြေးလျနိုင်ငံတွင် ရင်ဆိုင်နေရ

ကင်ဘာရာ ဇူလိုင် ၂၅

အမေရိကန် ခွဲစိတ်ကုဆရာဝန်တစ်ဦးသည် အမေရိကန်ပြည်ထောင်စုမှ ဩစတြေးလျနိုင်ငံသို့ ပြန်ရောက်ခဲ့ပြီးနောက် လူသတ်မှု၊ တာဝန်ပေါ့ဆမှုနှင့် လိမ်လည်မှုစသည့် စွဲချက် ၁၄ ခုဖြင့် ဩစတြေးလျတရားရုံးတော်တွင် ရင်ဆိုင်နေရကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

၎င်းသည် အိန္ဒိယနွယ်ဖွား အမေရိကန်နိုင်ငံသားဖြစ်သူ အသက် ၅၈ နှစ်ရှိ ဂျေရင့်ပတေးဖြစ်သည်။ ဩစတြေးလျနိုင်ငံ မြောက်ပိုင်းကွင်းစလန်ပြည်နယ်ရှိ ဘွန်ဒါဘတ်အခြေစိုက်ဆေးရုံတွင် ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်ခဲ့စဉ်အတွင်း ဖြစ်ရပ်အတွက် စွဲဆိုချက်များ မှန်ကန်ပါက ၎င်းအနေဖြင့် ထောင်ဒဏ်တစ်သက်ကျနိုင်မည်ဖြစ်သည်။

အာမခံပေး

ပတေးသည် လက်ထိတ်ခတ်ခံရပြီး ဘရစ်စဘိန်း တရားသူကြီးရုံးတွင် တရားရင်ဆိုင်ရန် ရောက်ရှိနေသည်။ တရားသူကြီးဖြစ်သူ ဘရိုင်ယန်ဟိုင်းက ၎င်းအား အာမခံပေး၍ လွှတ်ပေးလိုက်သည်။ ပတေးက ၎င်း၏ နိုင်ငံကူးလက်မှတ်နှင့် အခြားအစီရင်ခံစာများကို ရဲတပ်ဖွဲ့ထံသို့ မှန်မှန်ပေးပို့သည်ဟုဆိုသည်။

လူနာ ၁၃ ဦးထက်မနည်း သေဆုံးခဲ့ပြီး အခြားလူနာ ၃၁ ဦး ဘေးအန္တရာယ်ကျရောက်ခဲ့မှုဖြင့် ပတေးအား ၂၀၀၅ ခုနှစ်က တရားရေးအရ စုံစမ်း စစ်ဆေးခဲ့သည်။ ထို့နောက် ၎င်းသည် အမေရိကန်နိုင်ငံ အော်ရီဂွန်ပြည်နယ်သို့ သွားရောက်ခဲ့သည်။

ဩစတြေးလျက ပတေးအား အမှုရင်ဆိုင်ရန် ဩစတြေးလျသို့ ပြန်ပို့ရေးအတွက် တရားဝင်အကြောင်းကြားခဲ့ပြီးနောက် အမေရိကန် ရဲတပ်ဖွဲ့က ၎င်းအား မတ်လတွင် ဖမ်းဆီးခဲ့သည်။ ၎င်းသည် ယခင်က စွဲချက်များနှင့်ပတ်သက်၍ သိရှိခြင်းမရှိဟု ငြင်းဆန်ခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တွင် ရိုးရာအဝတ်အစားများ ဝတ်ဆင်၍ လှည့်လည်ဖျော်ဖြေနေကြသော အဖွဲ့တစ်ဖွဲ့ကို ဇူလိုင် ၂၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် အင်အားပြင်းငလျင်လှုပ်

တိုကျို ဇူလိုင် ၂၅

ကြာသပတေးနေ့ နံနက်အစောပိုင်း တိုင်းတာချက်များအရ ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်းတွင် ၆ဒသမ ၈အဆင့်ရှိသည့် အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါငလျင်သည် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ အီဝိတ်ကမ်းခြေဒေသမြောက်ပိုင်း ကီလိုမီတာ ၁၂၀ ခန့်ရှိ မြေအောက်ကြမ်းပြင်ကို ဗဟိုပြု၍ ဒေသစံတော်ချိန် နံနက် ၁၂နာရီ ၂၆ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဂျပန်နိုင်ငံ မိုးလေဝသဌာန၏ ကြေညာချက်၌ ဖော်ပြသည်။

ထိုငလျင်ကြောင့် ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဟွန်ရှူးကျွန်းနှင့် တောင်ပိုင်းရှိ ဟော့ကိုင်းဒိုးကျွန်းများအထိ ငလျင်လှိုင်း၏ ရိုက်ခတ်မှုကိုခံစားရကြောင်း သိရသည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုနှင့် စပ်လျဉ်း၍ မိုးလေဝသဌာနမှ ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခဲ့ခြင်းမရှိသည့်အပြင် ထိခိုက်ပျက်စီးမှုများကိုလည်း ဖော်ပြခြင်းမရှိကြောင်း သိရှိရသည်။ ***အင်တာနက်။***

အမေရိကန်နှင့် မက္ကဆီကို နယ်စပ်ဒေသ တောင်ပက်ဒရီကျွန်းတွင် ဒေါ်လီဟာရီကိန်းမုန်တိုင်း တိုက်ခတ်သွားပြီးနောက် အပျက်အစီးအချို့ကို ဇူလိုင် ၂၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြေထိုးစက်ဖြင့် တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ဂျေရုဆလင်မြို့လမ်းများ၌ လုံခြုံရေး တိုးမြှင့်ချထား

ဂျေရုဆလင် ဇူလိုင် ၂၅

အစ္စရေးနိုင်ငံတွင် အရပ်သား ၁၆ ဦးကို ထိခိုက်ဒဏ်ရာရရှိစေခဲ့သည့် မြေထိုးစက်နှင့် တိုက်ခိုက်မှုများ ပြုလုပ်ကာ မိမိကိုယ်ကို သေကြောင်းကြံစည်ခဲ့သည့် အဖြစ်အပျက်များ ဖြစ်ပွားခဲ့ပြီးနောက် ဂျေရုဆလင်လမ်းများပေါ်တွင် ဗုဒ္ဓဟူးနေ့က လုံခြုံရေးအစောင့်အကြပ်များ တိုးမြှင့်ချထားလိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တိုးမြှင့်ချထား

အဆိုပါ အစောင့်အကြပ်များ တိုးမြှင့်ချထားရခြင်း အကြောင်းများတွင် အမေရိကန်သမ္မတလောင်း ဘာရက်အိုဘားမားသည် အစ္စရေးနှင့် ပါလက်စတိုင်း တာဝန်ရှိသူများနှင့် အကြိတ်အနယ် ဆွေးနွေးညှိနှိုင်းရန်အတွက် ယင်းဒေသသို့ အင်္ဂါနေ့ညက ရောက်ရှိခဲ့ခြင်းလည်း ပါဝင်သည်။

ကြိုတင်ကာကွယ်

လောလောဆယ် အခြေအနေတွင် ဂျေရုဆလင်မြို့ရှိ ဆွေးနွေးပွဲ ကျင်းပရာ ပတ်ဝန်းကျင် နေရာများတွင် အစောင့်အကြပ်များ ပိုမိုတိုးမြှင့်ချထားကြောင်းနှင့် တိုက်ခိုက်မှုများ မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်မှုများကို အထပ်ထပ် ဆောင်ရွက်ထားကြောင်း ရဲတပ်ဖွဲ့မှ အကြီးအကဲဖြစ်သူ ဘရူနိုဆတီအစန်က ပြည်သူ့အသံလွှင့်ဌာနသို့ ပြောကြားသည်။

ရှာဖွေ

ပြီးခဲ့သည့် ညအချိန်ထိ အဆိုပါနေရာပတ်ဝန်းကျင်တွင် အလုပ်သမားများဖြင့် လုံလောက်သော စစ်ဆေးရှာဖွေမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း ၎င်းက ဆိုသည်။

လွန်ခဲ့သည့် သီတင်းသုံးပတ်ကျော်က ပါလက်စတိုင်း အလုပ်သမားတစ်ဦးက မြေထိုးစက်ကို မောင်းနှင်ကာ ဘတ်စ်ကားများနှင့် မော်တော်ယာဉ်များကို တိုက်ခိုက်ခဲ့ပြီးနောက် ယခုအဖြစ်အပျက်တွင်လည်း ယာဉ်မောင်းသူသည် အထက်ပါဖြစ်ရပ်ကို အတုယူကာ ဂျေရုဆလင်မြို့ အရှေ့ဘက်တွင် မြေထိုးစက်ဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကာကွယ်ရေးနှင့် သတ္တုတွင်းတို့ အနိုင်ရရှိ

နေပြည်တော် ဇူလိုင် ၂၅

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော် ဘောလုံးကွင်းနှင့် နေပြည်တော် ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားပြိုင်ကွင်းတို့၌ ယနေ့ညနေ ၃နာရီခွဲက ဆက်လက်ကျင်းပရာ နေပြည်တော် ဘောလုံးကွင်း၌ (စ)အုပ်စုမှ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ရှေ့နေချုပ်ရုံးအသင်းကို ၈း၀ ဖြင့်လည်းကောင်း၊ ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ သတ္တုတွင်း ဝန်ကြီးဌာနအသင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်းကို ၄း၁ ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြသည်။

ပြိုင်ပွဲသို့ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ မိသားစုဝင်များ၊ အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

၂၆-၇-၂၀၀၈

(နေပြည်တော်ကွင်း)
(ဆ) အုပ်စုမှ
ဆက်သွယ်ရေးနှင့်ဟိုတယ်/ခရီး

(ပေါင်းလောင်းကွင်း)
(ဆ) အုပ်စုမှ
သိပ္ပံ/နည်းပညာနှင့် ပြည်ထဲရေး

(၁၀၇)

ကြာသပတေးဆွမ်းလောင်းအသင်း အရုဏ်ဆွမ်းလောင်းလှူမည်

နေပြည်တော် ဇူလိုင် ၂၅

နေပြည်တော်ပျဉ်းမနား ကင်ပွန်းတန်းကျေးရွာအုပ်စု သဲကျွန်းရပ်ကွက်ရှိ ကြာသပတေး ဆွမ်းလောင်းအသင်းသည် ဝါပကာလ၌ လဆန်း ၇ရက်နေ့တိုင်းနှင့် ဝါတွင်းသုံးလ၌ ကြာသပတေးနေ့တိုင်း သံဃာတော်များအား အရုဏ်ဆွမ်းနှင့် ဆွမ်းဟင်းများလောင်းလှူခဲ့သည်မှာ ၂၈နှစ်တိုင်ခဲ့ပြီဖြစ်သည်။

ယခု ၁၃၇၀ ပြည့်နှစ် ဝါတွင်းကာလတွင်လည်း ဇူလိုင် ၂၄ ရက်မှ စတင်ပြီး အပတ်စဉ်ကြာသပတေးနေ့တိုင်း မြို့ပေါ်ရပ်ကွက်ကျေးရွာဝန်းကျင်ရှိ သံဃာတော်အပါး ၇၀၀ ကျော်တို့အား အရုဏ်ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၅

တာမွေမြို့နယ် မာန်အောင်ရပ်ကွက် မိုးကုတ်ဝိပဿနာ အေးရိပ်သာကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းခုနစ်ရက်တရားစခန်းပွဲကို သြဂုတ် ၄ ရက်မှ ၁၀ ရက်အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ဦးစီးပဓာန နာယက ပြည်တွင်းပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဗဟုဇနဟိတရေ ဆရာတော် ရွှေမန်းဦးသူရိယက ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး အလုပ်ပေးတရားများ ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ကြိုတင်စာရင်းပေးသွင်းပြီး သြဂုတ် ၃ ရက် ညနေ ၅ နာရီအရောက် လာရောက်ကြရမည်ဖြစ်သည်။ (က-ပ)

ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ တတိယနေရာလု

ရန်ကုန် ဇူလိုင် ၂၅

၂၀၀၈ခုနှစ် (၉)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အသက်(၁၉)နှစ်အောက် ပြည်နယ်နှင့်တိုင်း လူသစ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး တတိယနေရာရရှိသည်။

ဇူလိုင် ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဗိုလ်လုပွဲအဖြစ် ကရင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုတ်သုံလေ ဆက်လက်အားကောင်းမည်

ရန်ကုန် ဇူလိုင် ၂၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ကာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များ**မှာ လောင်းလုံမြို့တွင် ၇ဒသမ ၂၄လက်မ၊ သထုံမြို့တွင် ၄ဒသမ ၇၆လက်မ၊ ထားဝယ်မြို့တွင် ၄ဒသမ ၇၃လက်မ၊ ဖျာပုံမြို့တွင် ၄ဒသမ ၄၄လက်မ၊ ဂွမြို့တွင် ၃ဒသမ ၃၁လက်မ၊ မော်လမြိုင်မြို့တွင် ၂ဒသမ ၈၄လက်မ၊ ဟုမ္မလင်းမြို့တွင် ၂ဒသမ ၄၈လက်မ၊ မြိတ်မြို့တွင် ၂ဒသမ ၄၄လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ဒသမ ၂၈လက်မနှင့် လှိုင်လင်မြို့တွင် ၂ဒသမ ၂၄လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

ဇူလိုင် ၂၆ ရက် ညနေထိ ခန့်မှန်းချက်

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေဆက်လက်အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

၂၀၀၈ခုနှစ် ဇူလိုင်လ နောက်ဆုံး ရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်

လာမည့်သီတင်းပတ်ကုန် ရက်များအတွင်း ရန်ကုန်တိုင်းတွင် မိုးတစ်ကြိမ်နှစ်ကြိမ် ရွာပြီး နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားမိုးရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၂၉ ဒသမ၄ ဒီဂရီစင်တီဂရိတ် (၈၅ ဒီဂရီဖာရင်ဟိုက်) ၂၄-၇-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်) ၂၅-၇-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၄ ရာခိုင်နှုန်း ၂၅-၇-၂၀၀၈

နေပူသည့်နာရီပေါင်း ၁ ဒသမ ၈နာရီခန့် ၂၄-၇-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၅-၇-၂၀၀၈	**၃ မမ (၀ ဒသမ ၁၂ လက်မ)**	**၁၅ မမ (၀ ဒသမ ၆၀ လက်မ)**	**၂၀ မမ (၀ဒသမ ၇၉ လက်မ)**
၁-၁-၂၀၀၈မှ ယနေ့အထိ	**၁၄၆၁ မမ (၅၇ ဒသမ ၅၂ လက်မ)**	**၁၆၅၇ မမ (၆၅ဒသမ ၂၄လက်မ)**	**၁၉၆၈ မမ (၇၇ ဒသမ ၄၈ လက်မ)**

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၄-၇-၂၀၀၈ရက် ၁၆း၃၀ နာရီတွင် တောင်ဘက်မှ တစ်နာရီ ၁၂ မိုင်နှုန်း တိုက်ခတ်သည်။

ပြည်သူ့ထံမှ ပေးစာ

လက်ဖက်ရည်ဆိုင်မှ သီချင်းဖွင့်သံဆူညံ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် မေဓာဝီလမ်း(ဂ)ရပ်ကွက်၊ (ဃ)ရပ်ကွက် မေဓာဝီဈေးအနီးရှိ မျက်နှာချင်းဆိုင် လက်ဖက်ရည်ဆိုင်နှစ်ဆိုင်သည် ဆောင်းဘောက်ဖြင့် သီချင်းများကို အပြိုင်အဆိုင် ဆူညံစွာ ဖွင့်၍ ရောင်းချလျက်ရှိရာ ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ လက်ဖက်ရည်ဆိုင်များမှ ဆူညံနေမှုကို ကြပ်မတ်တားဆီးပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

ဝက်စာအနံ့ဆိုး ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းခင်ဗျား-

ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် အမှတ်(၈)ရပ်ကွက် သဇင်လမ်းပေါ်တွင်ရှိသော ရေစက်ဟောင်းတွင် ဝက်များကို စီးပွားဖြစ်မွေးမြူလျက်ရှိရာ ဝက်စာနှင့် မစင်အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးကို ထိခိုက်စေပါသည်။

ရပ်ကွက်အတွင်းသစ်ခွဲစက် ဖယ်ရှားပေးသင့်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၃) ရပ်ကွက် ဓမ္မာရုံလမ်းရှိ သစ်စက်တွင် သစ်ခွဲခြင်း၊ လျှာထိုးခြင်းလုပ်ငန်းများကိုလုပ်ကိုင်လျက်ရှိရာအဆိုပါလုပ်ငန်းမှ ထွက်ရှိသော သစ်မှုန်သစ်မွှားများ လွင့်မှုကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ ကျန်းမာရေးထိခိုက်စေသည့်အပြင် သစ်များခွဲစိတ်သံနှင့် အင်ဂျင်စက်သံ ဆူညံမှုကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။ သို့ဖြစ်ပါ၍ ရပ်ကွက်အတွင်းမှ အဆိုပါ သစ်စက်အား ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ဓမ္မာရုံလမ်းသားများ

သို့ဖြစ်ပါ၍ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သဇင်လမ်းသားများ

ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

ဒဂုံဆိပ်ကမ်းမြို့နယ်(၉၄)ရပ်ကွက် ယုဇနဥယျာဉ်မြို့တော်(A)ဘလောက်နှင့် (B)ဘလောက်ကြားရှိ ကံ့ကော်လမ်းမကြီးတွင် နံနက်မှ ညအထိ ဈေးရောင်းချမှုကြောင့် လမ်းသွားလမ်းလာများ၊ စက်ဘီး၊ ဆိုက်ကား၊ ယာဉ်များသွားလာရေး ခက်ခဲပြီး မကြာခဏ ထိခိုက်မှုများရှိပါသည်။

ထို့အပြင် ဈေးသည်များ စွန့်ပစ်သည့် အမှိုက်များကြောင့် အနံ့ဆိုးများ ထွက်ပေါ်နေသည့်အပြင် လမ်းဘေးဝဲ၊ ယာရှိ ရေနုတ်မြောင်းများပါ ပိတ်ဆို့နေ၍ ခရီးသွားများ အန္တရာယ်ကင်းစွာသွားလာနိုင်ရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းမှုရှိရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားတစ်ဦး

ရပ်ကွက်အတွင်း ကျန်းမာသန့်ရှင်းစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် သရက်ခြံ (၁) လမ်းသွယ်ရှိ အိမ်တစ်အိမ်တွင် ကြက်ခေါင်း၊ ကြက်ခြေထောက်၊ ကြက်တောင်ပံ အများအပြားကို နေ့စဉ်ခုတ်စဉ်း ရောင်းချလုပ်ကိုင်လျက်ရှိရာ ရေဆိုးရေညစ်နှင့် အနံ့ဆိုးများ ပတ်ဝန်းကျင်သို့ စီးဝင်ပျံ့နှံ့လျက်ရှိပါသဖြင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။ သို့ဖြစ်ပါ၍ ကျန်းမာသန့်ရှင်းမှု ရှိစေရေးအတွက် အဆိုပါ လုပ်ငန်းအား တားဆီးဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းလိုသူ

လိုင်စင်မဲ့သားသတ်လုပ်ငန်း တားဆီးပေးစေချင်

စာတည်းခင်ဗျား-

သဃ်န်းကျွန်းမြို့နယ် (ဂ)ရပ်ကွက် ဘောဂလမ်းနှင့် သဃ်န်းကျွန်းမြို့နယ် (ခ)ရပ်ကွက် နှင်းဆီကုန်း အောင်မင်္ဂလာလမ်းမကြီးတွင် လိုင်စင်မဲ့သားသတ်လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ လိုင်စင်မဲ့ သားသတ်လုပ်ငန်းအား တားဆီးပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

သောက်သုံးရေကန်အနီးမှ သားရေစိမ်းလုပ်ငန်းဖယ်ရှားပြီး

၅-၇-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မကွေးမြို့နယ် ကန်ပြားအနောက်ကျေးရွာ **သောက်သုံးရေကန်အနီးမှ သားရေစိမ်းလုပ်ငန်းကြပ်မတ်ပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဖယ်ရှား ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ဝက်သားရေထိုး အလေးချိန်မပြည့်မှု ရှင်းလင်းပြီး

၂၀-၇-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ တိုက်ကြီးမြို့ မြို့မဈေးမှ **ဝက်သားရေထိုး အလေးချိန်မပြည့်** ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ကက်ဆက်သံဆူညံ ဆောင်ရွက်ပြီးစီး

၂၀-၇-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ ရွှေချောင်းလမ်းရှိ **လက်ဖက်ရည်ဆိုင်မှ ကက်ဆက်သံဆူညံ ညော်နံ့နံ** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ဆေးမှုတ်အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းရှင့်-

ရန်ကုန်မြို့ အလုံမြို့နယ် စောရန်ပိုင် အနောက်ရပ်ကွက် သရဖီလမ်းတွင် ကုမ္ပဏီ ရောင်းကုန်ပစ္စည်း (သံထည်၊ စားပွဲ၊ ကုလားထိုင်၊ ပလတ်စတစ်)များကို အိမ်ရှေ့တွင် စုပုံ၍ ပြုပြင် ဆေးမှုတ်ခြင်း လုပ်ကိုင်လျက်ရှိရာ မှုတ်ဆေး၏ အနံ့ဆိုးများကို အနီးပတ်ဝန်းကျင်ရှိ ကလေးသူငယ်များနှင့် သက်ကြီး ရွယ်အိုများ နေ့စဉ်ရှူရှိုက်နေရသဖြင့် ရင်ကျပ်ရောဂါနှင့် အခြားဝေဒနာများ ခံစားနေရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ဆေးမှုတ်လုပ်ငန်းအား ဖယ်ရှားပေးပါရန် တင်ပြ အပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးပညာရည်ချွန်ဆုပေးပွဲမကြာမီကျင်းပမည်

၂၀၀၇-၂၀၀၈ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၏သား/သမီးများအတွက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂-၈-၂၀၀၈ရက်တွင် ကျင်းပမည်ဖြစ်ပါသဖြင့် ဂုဏ်ထူးရရှိသည့် သား/သမီးများအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် မိဘများအနေဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်ဖြစ်ကြောင်း အထောက်အထား၊ ဂုဏ်ထူးရရှိသည့် ဘာသာရပ်များအတွက် သက်ဆိုင်ရာကျောင်းများ၏ ထောက်ခံချက်၊ သန်းခေါင်စာရင်းနှင့်အတူ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ၃၁-၇-၂၀၀၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍လျှောက်ထားနိုင်ကြပါသည်။

၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် သား/သမီးများ၏ ပညာသင်ထောက်ပံ့ကြေးကိုလည်း ပေးအပ်မည်ဖြစ်ရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် လျှောက်ထားနိုင်ပါသည်။

ကားရောင်းမည်

မာဇဒါ ဘီ-၃၆၀
ဆ/ရှစ်ထောင်ကျော်
ရောင်းဈေးသိန်း ၄၀
၇၀၊ကျွန်းတောလမ်း၊စမ်းချောင်း။

ကားရောင်းမည်

1.5 GL Saloon
86 MdL ဖင်ထောင်
Corona 84 MdL
Ph-095057236

မော်တော်ဆိုင်ကယ်ရောင်းရန်

Vespa Scooter (Co sa 150) (1994 mdl) Italy 100 % ပစ္စည်းစုံ
မန်းဆီ၊ လိုင်စင်ကြီး
ဆက်သွယ်ရန်
ဖုန်း- ၀၉၅၁၅၇၁၇၃

ဗုဒ္ဓါဘိသေက
အနေကဇာတင်
မင်္ဂလာအခမ်းအနားနှင့်
ဝါဆိုသင်္ကန်း
ဆက်ကပ်လှူဒါန်း
ပူဇော်မည်

ရန်ကုန် ဇူလိုင် ၂၅

ကမ္ဘာအေး ရွှေနှင်းဆီ ပရိယတ္တိ စာသင်တိုက် စေတီတော်လေးဆူအား ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် မစိုးရိမ်လမ်း (၉)မိုင်ရှိ ကမ္ဘာအေး ရွှေနှင်းဆီပရိယတ္တိ စာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ကုသိုလ်ယူနိုင်သည်။

မွေးနေ့မင်္ဂလာဆုပန်လွှာ

ချစ်ပါပါ ဟာဂျီ ဦးကျော်နိုင်ဦး (Chairman -Naing Group Construction Co., Ltd) ၏ (၂၆.၇.၂၀၀၈)နေ့တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပါပါ ချစ်သောမိသားစုဝင်များနှင့်အတူလက်တွဲ၍ ကျန်းမာပျော်ရွှင်သော ဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်လှစွာသော

ချစ်ဇနီး – ဟာဂျီမ ဒေါ်ခင်ခင်မိုး
ချစ်သားကြီး – မောင်အောင်နိုင်ဦး
ချစ်သမီးငယ် – မခိုင်သီရိနိုင်
ချစ်သားလတ် – မောင်ရဲရင့်နိုင်ဦး
ချစ်သားငယ် –မောင်ဝင်းခန့်နိုင်ဦး

ယွန်းစံအိမ်စာပေ

ကိုယ်တိုင် ရိုက်ချိုးတဲ့ လက်ညှိုးလေး ပဉ္စမံနံရိုး

သူသည် စိုက်ပျိုးစရာမလိုဘဲ အလိုအလျောက်
ပေါက်ရောက်ရှင်သန်သော ချစ်ခြင်းမေတ္တာအား တကူးတက
လိုက်လံရှာဖွေနေမိသည့် လူမွေကလေးတစ်ယောက်သာ ဖြစ်လေသည်။

လုံးချင်းဝတ္ထုသစ် ထွက်ပြီ

လှူဒါန်းနိုင်

ပါဝင်လှူဒါန်းလိုသူများသည် ဘဒ္ဒန္တသောဘိတ (ဓမ္မာစရိယ) ပဓာန နာယကဆရာတော် ဖုန်း-၆၆၅၁၉၂နှင့် ၀၉-၅၀၆၃၆၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

Central Link

ပြောတာကိုနားလည်တယ်။ ပြောမထွက်တာ လေ့ကျင့်မှုနည်းလို့
ပြောချင်တယ် မပြောရဲတာက ယုံကြည်မှုနည်းလို့

အင်္ဂလိပ်၊ တရုတ် စကားပြော နှင့် လေ့ကျင့်သင်တန်း၊

စကားပြောပဲသင်သင်၊ အရေးအသားပဲလိုလို၊ ဘာသာပြန်ပဲလုပ်လုပ်
ပြောတတ်ရမယ်၊ ပြောရဲရမယ်၊ အငြင်းပိုင်ရမယ်၊ အသံထွက်မှန်ရမယ်၊ **တန်းခွဲသစ်များ စပြီ**

၁၀၆၊ ဦးချစ်မောင်လမ်း။ (မင်းလမ်းနှင့်ဈေးကွေ့မှတ်တိုင်ကြား။ ရန်ကင်းစင်တာအနီး)
ဖုန်း- ၅၅၅၉၀၃၊ ၀၉-၅၀၄၂၈၀၅၊ ၀၉-၅၁၈၈၉၈၇

ကျောင်းတွင်းသုံးအင်္ဂလိပ်စကားပြော

သင်းသင်းနိုင်

သာလွန် ၃၆၉၊ ဗိုလ်ချုပ်ပက်လမ်း။ ရန်ကုန်မြို့။ ☎ ၂၄၂၄၁၈၊
၀၉ ၅၁၅၇၇၁၆၊ ၀၉ ၅၀၆၆၈၉၄
၅၂၅၊ ကုန်သည်လမ်းနှင့်၃၈လမ်းထောင့်၊ ရန်ကုန်မြို့။ ☎ ၂၄၂၀၃၈
၁၆၅/၂ ဗိုလ်ချုပ်လမ်းနှင့်၄၅လမ်းထောင့်၊ ရန်ကုန်မြို့။ ☎ ၂၉၉၂၂၈

လှိုင်မြို့နယ် (၅)ရပ်ကွက် ကြံခင်းကျောင်းပရိယတ္တိ စာသင်တိုက် သုံးထပ်ကျောင်းဆောင်သစ်ကြီးအတွက် အလှူငွေကျပ် ၂၃၃၀၀၀ ကို ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) အသင်းသူ၊ အသင်းသားများကိုယ်စား အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း)က ဇူလိုင် ၁၇ ရက်က ပေးအပ်လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးဘဝင်း လက်ခံယူစဉ်။ (၅၄၃)

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) ဗုဒ္ဓဘာသာအဖွဲ့၏ (၂၇)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၃ ရက်တွင် မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ ကျင်းပရာ ပင့်သံဃာ ၁၀ ပါးတို့အား သင်္ကန်း ၁၀၈စုံ၊ နဝကမ္မအလှူငွေ တစ်ပါးလျှင် ငွေကျပ် ၁၅၅၀၀နှင့် ဝါဆိုဖယောင်းတိုင်၊ ဆေးနှင့် ဆေးပစ္စည်းများကို မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဦးကျော်မြင့်နိုင်နှင့် အမှုဆောင်အဖွဲ့ဝင်များက ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

FIRST MUSIC AGENCY

(ဂီတအနုပညာပျော်ပြေရေးဝန်ဆောင်မှုလုပ်ငန်း)

First Music Agency မှ ...

❖ တေးသံရှင် နွဲ့ယဉ်ဝင်း၊ မေခလာ၊ ဟေမာနေဝင်းတို့၏ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုခြင်း။

❖ တေးသံရှင် ချစ်ကောင်း၊ ရင်ဂို၊ ဆောင်းဦးလှိုင်၊ စည်သူလွင်၊ ဂရေဟမ်၊ ထူးအယ်လင်း၊ နွဲ့ယဉ်ဝင်း၊ မေခလာ၊ ဟေမာနေဝင်း၊ ကော်နီ၊ လေးလေးဝါ၊ ကဗျာဘွဲ့မှူး၊ ချောစုခင်၊ တင်ဇာမော်၊ သံသာဝင်း၊ မီးမီးခဲ၊ ဆုန်သင်းပါရ်၊ ခင်ဘုဂ်၊ ရှင်ဖုန်း၊ ဇမ်နူး၊ မို့မို့ဇော်ဝင်း၊ အားမှ N ကိုင်ရာ တို့၏ မင်္ဂလာတေးသီချင်း သီဆိုခြင်းနှင့် အခြားအမျိုးမျိုးသော ဧည့်ခံဖျော်ဖြေပွဲများတွင် သီဆိုခြင်း။

❖ Emperor ၊ ဥက္ကာဦးသာ (Plus Three)၊ ရောင်စဉ်လိုင်း (Spectrum) ၊ စန္ဒရား သိန်းမြင့်သန်း၊ တစ်ကိုယ်တော်တေးဂီတ၊ ကိုမြတ်မင်း (3MS) ၊ တေးဂီတဝိုင်းများ၏ ဝန်ဆောင်မှုများကို "First Music Agency " မှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါသည်။

❖ အထက်ပါ တေးသံရှင်များနှင့် တေးဂီတအဖွဲ့များသည် အခြားမည်သည့်စီစဉ်မှုနှင့်မျှ သီဆိုဖျော်ဖြေခြင်းမပြုဘဲ " First Music Agency" ၏ စီစဉ်မှုဖြင့်သာ သီဆိုဖျော်ဖြေသွားမည်ဖြစ်ပါသဖြင့် Agency သို့ တိုက်ရိုက်ဆက်သွယ်နိုင်ပါပြီ။

ဆက်သွယ်ရန် . . .
အမှတ် 459(C)၊ အခန်း(4)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 01-542904 , 09-5062806

ရွှေအင်းဝ ဝန်ဆောင်မှုအေဂျင်စီကုမ္ပဏီလီမိတက်
ကိုရီးယားဘာသာစကားသင်တန်း

ကိုရီးယားနိုင်ငံသို့ (EPS) ဖြင့် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများသည် EPS-KLT စာမေးပွဲကို ဝင်ရောက်ဖြေဆိုအောင်မြင်မှ အလုပ်သွားရောက်လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။

၎င်းစာမေးပွဲကို တစ်ကြိမ်တည်း အမှတ်များများဖြင့် အောင်မြင်နိုင်ရေးအတွက် မေးခွန်း(၁၉၂၀) အနီးကပ်သင်တန်းများကို ၅-၈-၂၀၀၈ မှစ၍ သင်ကြားပေးမည်ဖြစ်ပါသည်။

သင်တန်းတက်ရောက်လိုသူများ အောက်ပါအတိုင်းဆက်သွယ်နိုင်ပါသည်-

- **ရွှေအင်းဝ ဝန်ဆောင်မှုအေဂျင်စီ ကုမ္ပဏီလီမိတက်**
  အမှတ် (၈/B)၊ (၈)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်
  ဖုန်း- ၆၆၁၇၁၆၊ ၆၅၃၃၉၀၊ ၆၆၄၉၁၄
- **ကိုရီးယားဘာသာစကားသင်တန်း ဘုရင့်နောင်(စစ်ကြောရေး)အုတ်ကျင်း**
  ဖုန်း- ၃၉၃၃၁၄၊ ၀၉၅၀ ၁၀၉၀၃

ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများ အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ်-၂၅-အက်ဖ်နေ ဦးအောင်ကိုဇော် [၁၂/လမတ(နိုင်)၀၀၁၅၄၂]သည် အောက်ပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများ၏ တစ်ဦးတည်းသော မူပိုင်ရှင်ဖြစ်ပါသည်-

ရွှေဒူး ရွှေဒူး

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများအား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး စာချုပ်အမှတ်-၂၅၀၃/၀၈၊၂၅၀၄/၀၈၊၂၅၀၅/၀၈၊၂၅၀၆/၀၈ တို့အရ မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများအား အုန်းစိမ်းကျောက်ကျော၊ ပင်ပွားကျောက်ကျော၊ ရိန်းဘိုးကျောက်ကျော၊ ဆီးသီးကျောက်ကျော၊ စတော်ဘယ်ရီကျောက်ကျော၊ ကော်ဖီကျောက်ကျော၊ ဆွမ်းမွှေးကျောက်ကျော၊ လိုင်ချီးကျောက်ကျော၊ သုံးရောင်ခြယ်ကျောက်ကျော အပါအဝင်ကျောက်ကျောဖြင့်ပြုလုပ်ထားသော မုန့်မျိုးစုံ၊ ဗိုဗိုးမုန့်မျိုးစုံ၊ မုန့်ကုလားမဲမုန့်မျိုးစုံ၊ သာကူဖြင့်ပြုလုပ်ထားသည့် မြန်မာမုန့်မျိုးစုံ၊ အရှေ့တိုင်းရိုးရာမုန့်မျိုးစုံ၊ ကိုကိုးနတ်သာကူ၊ သာကူလုံး၊ ရွှေကြည်ဆန္ဒွင်းမကင်း၊ ငှက်ပျောဆန္ဒွင်းမကင်း၊ နို့ရွှေကြည်ဆန္ဒွင်းမကင်း၊ ဒူးရင်းဆန္ဒွင်းမကင်း၊ သီးစုံဆန္ဒွင်းမကင်း၊ ကွေကာဆန္ဒွင်းမကင်း၊ ကောက်ညှင်းဆန္ဒွင်းမကင်း၊ အာလူးဆန္ဒွင်းမကင်း အပါအဝင် ဆန္ဒွင်းမကင်းမုန့်မျိုးစုံတို့တွင် ထုပ်ပိုးမှု၌ ကပ်နှိပ်သုံးစွဲလျက် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဦးအောင်ကိုဇော်မှ မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အထက်ပါ ကုန်အမှတ်တံဆိပ် အမည်၊ အမှတ်အသားများအား မည်သူမျှ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူရိုးမှား၊ ထင်မိယောင်မှား၊ ထင်ယောင်ထင်မှား၊ ပုံတူပုံမှား တုပပြုလုပ်ခြင်းများ ပြုလုပ်ခွင့်မရှိကြောင်း သတိပေးကြေညာအပ်ပါသည်။

အကယ်၍ပြုလုပ်လာကြပါမူ ပြုလုပ်သူတို့တွင်သာ ဥပဒေအရတာဝန်ရှိစေလိမ့်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးသန်းဝင်းရွှေ M.Dev.S.,B.Econ (P&D).,R.L.,D.M.A.,D.B.L,D.M.L,D.I.L,H.G.P
ဦးတင်နိုင်(မြိတ်) B.A., H.G.P., R.L., D.B.L., D.M.L, D.I.L, D.I.R.
တရားရုံးချုပ်ရှေ့နေများ
ဒေါ်သီတာရွှေ LL.B(Ygn)
အထက်တန်းရှေ့နေ
အမှတ် (၂၅-F)၊ မင်းနန္ဒာလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေထိန်းသိမ်းစို့

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

✳ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက်ရှိကြသည်။

✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

လပွတ္တာမြို့နယ် (၃)မိုင် ကယ်ဆယ်ရေးစခန်း၌ အထူးကု ဆရာဝန်များအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

(ကျန်းမာရေး)

လေဘေးသင့်ဒေသများ၌ ကူးစက်ရောဂါ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၅

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လေဘေးသင့်ဒေသများ၌ ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာကျော်ညွန့်စိန် ဦးဆောင်၍ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ စီမံချက်မန်နေဂျာ ဒေါက်တာသန်းထိန်ဝင်း၊ အနာကြီးရောဂါတိုက်ဖျက်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်ဝင်းတို့နှင့်အတူ ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်အထိ ဧရာဝတီတိုင်း လပွတ္တာမြို့နယ်သို့ သွားရောက်ကာ ပြည်သူ့ကျန်းမာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲဝင်းနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ပြည်တွင်း၊ ပြည်ပ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြသည်။

ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံရှိ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များနှင့် တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လိုအပ်သော နေရာဒေသများအရောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်စွာ ဖြန့်ကြက်ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက်မန်နေဂျာက ကယ်ဆယ်ရေးစခန်းများနှင့် ကျေးရွာများရှိ (၅)နှစ်အောက် ကလေးများအား တစ်ယောက်မကျန် ပုံမှန်ကာကွယ်ဆေး ခုနစ်မျိုး ထိုးပေးကြရန်နှင့် ကာကွယ်ဆေးမထိုးရသော ကလေးများမရှိစေရန် ဒေသဆိုင်ရာများ၏အကူအညီဖြင့် ဆောင်ရွက်ပြီး (၃)မိုင်နှင့် (၅)မိုင် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကာ ကျန်းမာရေးဝန်ထမ်းများက ကလေးများအား ကာကွယ်ဆေးထိုးနှံနေမှုနှင့် ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် **စာမျက်နှာ ၉ ကော်လံ ၃ သို့** ✳

လေဘေးသင့် ကျေးရွာအုပ်စုများ၌ ကျွဲ၊ နွား ကာကွယ်ဆေးထိုးနှံ အသိပညာပေးဆွေးနွေးဟောပြော

ရန်ကုန် ဇူလိုင် ၂၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ စီစဉ်မှု၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာများ၌ လယ်ယာလုပ်ငန်းဝင်ရောက်လျက်ရှိသော ကျွဲ၊ နွားများ ကူးစက်ရောဂါ ကာကွယ်ရေးနှင့် ကျန်းမာသန်စွမ်းစေရေးအတွက် အထူးအဖွဲ့ခေါင်းဆောင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမောင်ကြန်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန **စာမျက်နှာ ၉ ကော်လံ ၆ သို့** ❁